# ကြေးမုံ

*The Mirror Daily*

ခရစ်နှစ် ၁၉၅၇ ခုတွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 31 January 2021 ၁၀၂၇၄

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲသုတေသနရှေ့တန်းစခန်းရုံးနှင့် နောင်မွန်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဦးမြင့်ဆွေ နောင်မွန်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

**ပူတာအို ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဒေါက်တာရဲမြင့်ဆွေ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦး၊ ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်လင်းအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မချမ်းဘောမြို့ရှိ ဂူဘားရိပ်သာသို့ ရောက်ရှိခဲ့ရာ ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ဂူဘားရိပ်သာ၏သမိုင်းကြောင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သမိုင်းဝင်အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑

## ကြေးမုံ ယနေ့ ဖတ်စရာ


အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန် စာမျက်နှာ » ၃

အဂတိလိုက်စားမှုနှင့် အများပြည်သူဆိုင်ရာဝယ်ယူရေးလုပ်ငန်းများ ဆောင်းပါး စာမျက်နှာ » ၆

ပုံမှန်စီးပွားရေးတွေ ပြန်လည်ပတ်လာစေရေး၊ စာသင်ကျောင်းတွေ ပြန်ဖွင့်နိုင်ရေး၊ ဈေးတွေပြန်ဖွင့်နိုင်ရေး စသည်အားဖြင့် ဒါဆိုရင် New Normal နဲ့ သွားမှရမယ် စာမျက်နှာ » ၁၄


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၃၀

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၇ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၇ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၇ | ဒီဂရီစင်တီဂရိတ် |




# ကြေးမုံ

## အခြေခံပြည်သူများအရေးသုံးပါး ဖြေရှင်းပေး

အခြေခံပြည်သူများ အရေးအကြီးဆုံးကိစ္စမှာ စား၊ ဝတ်၊ နေရေးဖြစ်ပါသည်။ နိစ္စဓူဝအဖို့ ဝတ်စရာမရှိလျှင်သော်မှ စားရေးနှင့်နေရေးမှာ အခြေခံပြည်သူများအဖို့ အသက်တမျှ အရေးကြီးပါသည်။ ယင်းအတွက် အခြေခံပြည်သူများမှာ နိစ္စဓူဝရုန်းကန်လှုပ်ရှား လုပ်ကိုင်ရှာဖွေနေကြရသည်။ ယင်းအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အလုပ်အကိုင်စီးပွားမရေမရာဖြစ်ကြရသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဝင်ငွေနည်းပြည်သူများ နေရေးထိုင်ရေး ဖြေရှင်းပေးနိုင်ရန်အတွက် အစီအမံများ အဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများအတွက် နေရေးထိုင်ရေးကို ခေတ်အဆက်ဆက် ဖြေရှင်းပေးလျက်ရှိရာ များသောအားဖြင့် နိုင်ငံ့ဝန်ထမ်းများကိုသာ အိမ်ရာများတည်ဆောက်ပေးခဲ့ပြီး နိုင်ငံ့ဝန်ထမ်းမဟုတ်သော အခြေခံပြည်သူများမှာ ခေတ်အဆက်ဆက် စိတ်မအေးဖြစ်ခဲ့ကြရသည်။

ယခုအခါ အခြေခံပြည်သူများအတွက် ပြည်သူ့အငှားအိမ်ရာစီမံကိန်းသစ် စတင်အကောင်အထည်ဖော်လာသည်ကို တွေ့ရသည်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပြည်သူ့အငှားအိမ်ရာစီမံကိန်းမှ နေအိမ်အခန်းပေါင်း တစ်သောင်း ဆောက်လုပ်မည်ဖြစ်သည်။ နေပြည်တော်တွင် အိမ်ရာအခန်းပေါင်း ၇၀၀ ကျော်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)တွင် အိမ်ရာအခန်းပေါင်း ၆၀၀၀ ကျော်၊ မန္တလေးမြို့တွင် အိမ်ရာအခန်းပေါင်း ၃၀၀၀ ကျော် ဆောက်လုပ်သွားမည်ဖြစ်သည်။

မကြာသေးမီကလည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁) နှင့် အပိုင်း(၂) တွင် တန်ဖိုးနည်းနှင့်တန်ဖိုးသင့်အိမ်ရာတိုက်ခန်းများအကောင်အထည်ဖော်ပြီးစီးခဲ့ရာ ဝင်ငွေနည်းပြည်သူများ စုဆောင်းငွေကျပ် သိန်း ၃၀ ရှိလျှင် ၁၅ နှစ် အရစ်ကျပေးချေမှုစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ သင့်တင့်သောတိုက်ခန်းတစ်ခန်းကို အနည်းဆုံးတန်ဖိုး ဈေးနှုန်းဖြင့် အရစ်ကျရောင်းချပေးခြင်းသည် အခြေခံပြည်သူများအား အတတ်နိုင်ဆုံး ဦးစားပေးဖြည့်ဆည်းပေးခြင်းဖြစ်သည်။

ပြည်သူ့အစိုးရအနေဖြင့် နိုင်ငံ့တာဝန် စတင်ယူခဲ့သည့် ၂၀၁၆ ခုနှစ်ကတည်းက ဝင်ငွေနည်းပြည်သူများ၊ အိုးပိုင်အိမ်ပိုင်မရှိသူ အခြေခံပြည်သူများအား အငှားအိမ်ရာများ အကောင်အထည်ဖော်၍ နေရေးစိတ်အေးအောင် ဆောင်ရွက်ပေးမှုများကို ယနေ့ထက်တိုင် အဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူ့အငှားအိမ်ရာဟူသည် နိုင်ငံ့ဝန်ထမ်းများသာမက ပုဂ္ဂလိကဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံဝန်ထမ်းများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ တစ်နေ့လုပ် တစ်နေ့စား ကျပန်းအလုပ်သမားများအထိ ပါဝင်သည်။ ထိုအိမ်ရာ စီမံကိန်းများကို မြို့ကြီးသုံးမြို့သာမက ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့ကြီးများတွင်လည်း အကောင်အထည်ဖော်ခဲ့သည်။

အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ၌ အားသာချက်၊ အားနည်းချက်များ ရှိခဲ့သည်။ အချိုးမညီမျှမှုများရှိခဲ့သည်။ အိမ်ခြံမြေဈေးကွက်များ အားမကောင်းသည့်အချိန်အခါ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်လာသဖြင့် ထိခိုက်မှုများ ပိုမိုဖြစ်ခဲ့ရသည်။ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုများ ရှင်သန်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်ရေးတို့ကိုဆောင်ရွက်ရာ၌ ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် အခြေခံပြည်သူများ နေရေးလည်းအဆင်ပြေ၊ အလုပ်အကိုင်အခွင့်အလမ်း၊ ရင်းနှီးမြှုပ်နှံမှုများလည်း ပြန်လည်ရှင်သန်စေမည့် သားရွှေအိုးထမ်းကိန်းအဖြစ် အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

ယခင်က အိမ်ရာစီမံကိန်းများသည် ဝင်ငွေနည်းပြည်သူများအတွက် မျှော်လင့်စရာမဟုတ်ခဲ့ပေ။ အိပ်မက်ပင် မက်နိုင်ခြင်းမရှိခဲ့ပေ။ ငွေကြေးတတ်နိုင်သူများနှင့် အလယ်အလတ်အဆင့်ရှိသူများသာ အိမ်ရာပိုင်ဆိုင်နိုင်ကြသည်။ ယခုအခါ အခြေခံလူတန်းစားများ တန်ဖိုးနည်းနည်းလေးဖြင့် နေအိမ်အခန်းတစ်ခန်း အငှားပိုင်ဆိုင်နိုင်ကြပြီး ထိုသို့ပိုင်ဆိုင်နိုင်ရန်အတွက်မူ ရသည့်မိသားစုငွေလေးကို စားရေး၊ ဝတ်ရေး၊ အထွေထွေရေးတို့အပြင် တတ်နိုင်သမျှ ချွေတာစုဆောင်းတတ်သူများအဖို့ ရေရှည်ဘဝရပ်တည်နိုင်မည့် စိတ်ချရသည့် အခွင့်အရေးဖြစ်သည်။

သို့သော် မည်သည့်အရာတွင်မဆို တည်ဆောက်ခြင်းထက် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပို၍အရေးကြီးသည့်အချက်ဖြစ်၍ အလေးအနက်ထားရမည်ဖြစ်သည်။ တန်ဖိုးနည်းသဖြင့် ပျက်စီးမြန်ခြင်းလည်း မဖြစ်သင့်ပေ။ ဝင်ငွေနည်းသော အများပြည်သူ စုပေါင်းနေထိုင်ကြသည့် အငှားအိမ်ရာစနစ်ဖြစ်၍ အိမ်ရှင်အနေဖြင့် အခြေခံပြည်သူများ ထည့်ဝင်ငွေနည်းနည်းဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရေးကို လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန် အဆင်ပြေပါလိမ့်မည်။

သို့ဖြစ်ရာ ဝင်ငွေနည်း အခြေခံပြည်သူများအနေဖြင့် နိစ္စဓူဝ ရုန်းကန်လှုပ်ရှားနေကြရသူများဖြစ်ကြပြီး ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိစေရေးနှင့် ဝင်ငွေနည်းပြည်သူများ နေရေးထိုင်ရေး ဖြေရှင်းပေးနိုင်ရေး အကောင်အထည်ဖော်ပေးနေသော တန်ဖိုးနည်း အငှားအိမ်ရာစီမံကိန်းများကို စဉ်ဆက်မပြတ် အောင်မြင်စွာဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

## (၉)ခုမြောက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ခွဲ (လယ်ဝေးဘဏ်ခွဲ) ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ (၉) ခုမြောက် ဘဏ်ခွဲဖြစ်သည့် လယ်ဝေးဘဏ်ခွဲ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော် လယ်ဝေးမြို့နယ် အမှတ် (၇) ရပ်ကွက် သုခမလမ်း ဦးပိုင်/မြေကွက်အမှတ်(လပ-၀၁၉) (လယ်ဝေးမြို့နယ်၊ အားကစားကွင်းရှေ့)ရှိ အဆိုပါဘဏ်ခွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ Social Distancing စနစ်ဖြင့် ကျင်းပသည်။

ဘဏ်ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာ မျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘဏ်တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ် လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာ အဖွဲ့နာယက ဒေါက်တာမျိုးအောင်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယခု ဖွင့်လှစ်သည့် လယ်ဝေးဘဏ်ခွဲသည် (၉) ခုမြောက် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ဘဏ်ခွဲဖြစ်ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများ ဘဏ်ဝန်ဆောင်မှုများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်။

သတင်းစဉ်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃၀**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ယနေ့ရက်စွဲဖြင့် သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သဘောထားထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏

သဘောထားထုတ်ပြန်ချက်

ကမ္ဘာ့ကပ်ရောဂါ (COVID-19)ကြောင့် မြန်မာပြည်သူအပေါင်း လူနေမှုကဏ္ဍအသီးသီးတွင် အခက်အခဲများစွာ ခံစားနေကြရသည့် ယခုအချိန်ကာလမျိုးတွင် (၂၀၂၀)ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ ဖြစ်ပေါ်နေသော သတင်းများအရ ရဟန်းရှင်လူ ပြည်သူများသည် နှလုံးစိတ်ဝမ်း မအေးချမ်းဘဲရှိနေကြကြောင်း ကြားသိရပါသဖြင့် နိုင်ငံတော်၏ အကျိုးကို ရှေးရှုကြလျက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူအပေါင်းက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာ ဆောင်ရွက်ကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက သဘောတူ ဆုံးဖြတ်၍ (၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့က လက်မှတ်ရေးထိုးကာ မေတ္တာရပ်ခံချက်တစ်ရပ် ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အနေဖြင့်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သဘောထားထုတ်ပြန်ချက်ကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်းနှင့် ဆရာတော်ကြီးများ၏ ဆန္ဒသဘောထားနှင့်အညီ ထပ်တူထပ်မျှဖြစ်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဥက္ကဋ္ဌကြီးမှူးဆရာတော်

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

# ဘာသာရေးအသင်းအဖွဲ့များက မေတ္တာရပ်ခံချက်များ ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃၀**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများကို အများပြည်သူ စိုးရိမ်ကြောင့်ကြနေကြသည့်ကိစ္စနှင့်ပတ်သက်၍ ဘာသာရေးအသင်းအဖွဲ့များက မေတ္တာရပ်ခံချက်များ ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မေတ္တာရပ်ခံချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
THE MYANMAR COUNCIL OF CHURCHES
ECUMENICAL SHARING CENTRE
(601) Pyay Road, University P.O., Kamayut Township, Yangon 11041, Myanmar
Email: info@mccoikom.org

## မေတ္တာရပ်ခံပန်ကြားခြင်း

၁။ လက်ရှိအချိန်ကာလသည် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှုကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အားလုံး တွေ့ကြုံရင်ဆိုင်နေရပြီး ကျန်းမာရေးဆိုင်ရာအခက်အခဲများသာမက လူမှု၊ စီးပွားအခက်အခဲများကိုပါ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ကမ္ဘာ့ကပ်ရောဂါ COVID-19 ကို အတူတကွ ကာကွယ်တွန်းလှန်၊ တိုက်ဖျက်နေရသော အချိန်ကာလဖြစ်ပါသည်။

၂။ ထိုသို့သောအခြေအနေတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မလိုလားအပ်သော အခက်အခဲပြဿနာများ ဖြစ်ပေါ်လာမည်စိုးရိမ်ပူပန်မိပါသည်။

၃။ “ညီအစ်ကိုတို့သည် သဘောတူလျက်ပေါင်းဖော်ကြသည် အရာမှာ အလွန်ကောင်းပေ၏ အလွန်တင့်တယ်လျောက်ပတ်ပေ၏” (ဆာလံကျမ်း ၁၃၃း၁)ဟူ၍ သမ္မာကျမ်းစာအလာရှိသည့်အတိုင်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး သဘောမျှ၍ စည်းလုံးညီညွတ်သဖြင့် အလွန်တင့်တယ်လျောက်ပတ်သော နိုင်ငံတော်ကြီးဖြစ်စေရန် အထူးမျှော်လင့်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ နိုင်ငံသူ၊ နိုင်ငံသားများ၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများအနေနှင့် မိမိတို့နိုင်ငံ၏ အကျိုးအလို့ငှာ အပြုသဘောဆောင်သော လုပ်ဆောင်မှုများဖြင့် ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်
ALL MYANMAR HINDU CENTRAL COUNCIL

စာအမှတ် ၊ AMHCC/ MS/ S-008

## မေတ္တာရပ်ခံချက်

၁။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ကမ္ဘာ့ကပ်ရောဂါ (Covid-19)ကို ပြည်သူအပေါင်းတို့ ရင်ဆိုင်ခံစားနေကြရ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့်ကဏ္ဍအသီးသီးတွင် အခက်အခဲများစွာ ခံစားနေကြရသည့် အချိန်ကာလဖြစ်ပါသည်။

၂။ ထိုသို့သောအခြေအနေမျိုးတွင် ကျင်းပပြီးစီးခဲ့သော ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံတော်တွင် ယနေ့ဖြစ်ပေါ်နေသောသတင်းများအရ မြန်မာနိုင်ငံသူ နိုင်ငံသားများသည် စိုးရိမ်ကြောင့်ကြနှလုံးစိတ်ဝမ်း မအေးချမ်းဘဲရှိနေကြောင်း သိရှိရပါသည်။

၃။ ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး မဟတ္တမဂန္ဒီ၏-

"Relationships are based on four principles:
respect, understanding, acceptance and appreciation."

“ဆက်ဆံရေးဆိုသည်မှာ လေးစားမှုရှိခြင်း၊ နားလည်မှုရှိခြင်း၊ လက်ခံအသိအမှတ်ပြုမှုရှိခြင်းနှင့် တန်ဖိုးထားခြင်းဟူသော သဘောတရားလေးချက်အပေါ်တွင် အခြေခံသည်”

ဟူသောအဆိုအမိန့်အတိုင်း ညီညွတ်စွာစေ့စပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး လွန်စွာလိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောစေရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသောကိစ္စအရပ်ရပ်တို့ကို မိမိတို့၏ဆန္ဒကို ငြင်းခုံမှုမပြုကြဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာညှိနှိုင်းအဖြေရှာ ဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးထွန်းငြိမ်း
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံလုံးဆိုင်ရာ
ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ
ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

စာအမှတ် - မအဘ / စီမံ / ၀၇ /၂၀၂၁(အစ-၅)။
ရက်စွဲ - ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်။

## မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြောင့် နိုင်ငံသားပြည်သူများအနေဖြင့် အခက်အခဲများကို ကြုံတွေ့နေရချိန်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အကြောင်းပြု၍ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ပြည်သူအများ စိုးရိမ်ထိတ်လန့် ပူပင်သောကရောက်နေကြရပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားပြည်သူများ စိတ်အေးချမ်းမြေ့စေရေးတို့ကို ရှေ့ရှု၍ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့သည် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား အမြင်မတူမှုများကို နိုင်ငံတော်၏ ပြဋ္ဌာန်းထားသော တည်ဆဲ တရားဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ငြိမ်းချမ်းစွာ အဖြေရှာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပန်နန်းဒင်မြို့ ဒေသခံပြည်သူများအတွက် ဆန်များ ထောက်ပံ့ပေးအပ်စဉ်။

❑ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယသမ္မတသည် မချမ်းဘောမြို့နယ်ခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးရာ တော်ဝင်မြစ်ကြီးနားဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့မှ နောင်မွန်မြို့သို့ ထွက်ခွာပြီး နောင်မွန်မြို့ရှိ ခါကာဘိုရာဇီ ဇီဝမျိုးစုံမျိုးကွဲ သုတေသနရှေ့တန်းစခန်းရုံးသို့ရောက်ရှိကြရာ စခန်းတာဝန်ခံ ဦးအောင်မြတ်စိုးက စခန်းဆိုင်ရာအချက်အလက်များ၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်း၌ ငှက်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားနေမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် နှင်းကျားသစ်များ နေထိုင်ကျက်စားမှုရှိ၊ မရှိကို လေ့လာဆောင်ရွက်နေမှုအခြေအနေများ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်းတွေ့ရှိရသည့် ဆေးဖက်ဝင်အပင်များနှင့် ၎င်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများအား သုတေသနဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပူတာအို-နောင်မွန်-ပန်နန်းဒင် လမ်းဖောက်လုပ်နေမှုအခြေအနေများနှင့် ပန်နန်းဒင်-ငါဝါကျေးရွာ-ဂဝိုင်ကျေးရွာတို့အား လမ်းဖောက်လုပ်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နိုင်ငံ၏ထူးခြားလှပသော ရေခဲတောင်ဂေဟာစနစ်နှင့် ရှားပါးပြီးအဖိုးတန်သော သဘာဝသယံဇာတများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲ တောရိုင်းတိရစ္ဆာန်များနှင့် အပင်များကို ထိန်းသိမ်းစောင့်ရှောက်သွားရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် နောင်မွန်မြို့ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ပန်နန်းဒင်မြို့ရှိ ဒေသခံပြည်သူများအတွက် ဆန်အိတ် ၂၀၀ ကို ထောက်ပံ့ပေးအပ်ရာ ပန်နန်းဒင်မြို့အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် ဒေသခံများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် နောင်မွန်မြို့မှ ပူတာအိုမြို့သို့တပ်မတော် ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြပြီး ထိုမှတစ်ဆင့် တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



မချမ်းဘောမြို့ရှိ ဂူဘားရိပ်သာ ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။



မချမ်းဘောမြို့ရှိ မြို့နယ်ခန်းမတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

# ရန်ကုန်နှင့် မန္တလေး လေယာဉ်စီးသူများ ၂၅ ရာခိုင်နှုန်း သက်သာခွင့်ရမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ကိုဗစ်-၁၉ ကာလ ပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် မြန်မာအမျိုးသားလေကြောင်း(MNA)က ပြည်တွင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲလျက်ရှိရာ ယခုတစ်ဖန် ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ မြန်မာအမျိုးသားလေကြောင်းဖြင့် စီးနင်းလိုက်ပါမည့် ခရီးသွားများအား ၂၅ ရာခိုင်နှုန်း Discount Gift Voucher များကို လာမည့် ဖေဖော်ဝါရီ ၃ ရက်တွင် ပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းမှ ၂၅ ရာခိုင်နှုန်း Discount Voucher များကို ရန်ကုန်နှင့် မန္တလေးရှိ Check in Counter များတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်၌ အရေအတွက် အကန့်အသတ်(ဦးရာစနစ်)ဖြင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၃ ရက် မြန်မာအမျိုးသားလေကြောင်းနှင့် ရန်ကုန်လေဆိပ်နဲ့ မန္တလေးလေဆိပ်က လိုက်ပါစီးနင်းမည့် ခရီးသည်တွေကို ဒီ Gift Voucher တွေပေးမှာ ဖြစ်ပါတယ်။ အရေအတွက်ကန့်သတ်ထားပါတယ်။ MNA နဲ့ နောက်တစ်ခေါက်ခရီးသွားတဲ့အခါ ဒီ Gift Voucher ပြပြီး လက်မှတ်ဝယ်ရင် ၂၅ ရာခိုင်နှုန်းသက်သာခွင့်ရရှိမှာဖြစ်ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းမှ ပြောသည်။

မြန်မာအမျိုးသားလေကြောင်းသည် မကြာသေးမီက ပြည်တွင်းလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ မဖြစ်မီက မြို့ကြီး ၂၉ မြို့သို့ပျံသန်းပြေးဆွဲလျက်ရှိပြီး ယခုအခါ ခရီးသည်အခြေအနေများအပေါ်မူတည်၍ ပြည်တွင်းခရီးစဉ်များပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**

# ရေတာရှည်မြို့နယ်၌ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရေတာရှည် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကြံသန္တယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာ ကွင်းအမှတ် ၆၇၀-က တွင် စူပါဆန်းဘရိုက်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လယ်ယာမြေ ၁၈၅ ဧက၊ ခင်တန်းကြီးကျေးရွာအုပ်စု တောင်နီကုန်းကျေးရွာ ကွင်းအမှတ် ၆၆၁ တွင် ဇေယျာအောင်မြေကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေ ၃၃၄ ဧက၊ သပြေတန်းကျေးရွာအုပ်စု ဝါးတောကြီးကျေးရွာ ကွင်းအမှတ် ၆၃၉-က တွင် ပန်းသီကုမ္ပဏီမှ တာဝန်ယူ၍ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရုံးမှ သိရသည်။

စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ယခုနှစ်မိုးရာသီအမီ ဆောင်ရွက်ရမည်ဖြစ်၍ ယနေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဇင်၊ တောင်ငူခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ တာဝန်ခံဆောင်ရွက်လျက်ရှိသော ကုမ္ပဏီမှတာဝန်ရှိသူများက ထယ်ထိုးခြင်း၊ ကန်သင်းဖော်ခြင်း၊ မြေညှိခြင်း၊ ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ကွင်းပတ်လမ်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဦးစီးမှူးက ကုမ္ပဏီများအနေဖြင့် အကျိုးအမြတ်ထက် တောင်သူများ၏ ရေရှည်အကျိုးစီးပွားကို စေတနာပါပါဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ကိုလွင်(ဆွာ)**



# ပြည်သူသာလျှင် အဓိက

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၁-၁-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့် သတ်မှတ်ကြောင်း ၃၀-၁၂-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင်မည်သည့် ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာ သံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံး အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်**

## နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၁-၂၀၂၁) ရက်နေ့၊ မြန်မာ စံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေဆဲရှိသည့်အပြင် ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော ကူးစက်မြန် ဗီဇပြောင်း COVID-19 ရောဂါပိုးအသစ်ကို အချို့အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့ စတင်ကူးစက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၂၈-၂-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စိုက်ပျိုးရေးဦးစီးဌာန၏ တတိယအကြိမ် စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

စိုက်ပျိုးရေးဦးစီးဌာန၏ တတိယအကြိမ် စာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒိုင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန စွန့်ဦးလုပ်ငန်းပညာရှင်များ၊ နေပြည်တော်ရုံးနှင့် တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ စာတမ်းရှင်များ လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနလက်အောက်ရှိ အခြားသော ဦးစီးဌာနများ၊ တက္ကသိုလ်များကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာန က စာတမ်းဖတ်ပွဲများ ကျင်းပခြင်းအားဖြင့် စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသရှိ တောင်သူများ၏ အခြေခံ လိုအပ်ချက်ကို ရှာဖွေဖော်ထုတ် ဖြည့်ဆည်းပေးနိုင်ရေး Bottom-Up Approach ကို စနစ်တကျ ကျင့်သုံးနေကြောင်း၊ ယခုကျင်းပ ပြုလုပ်သည့် တောင်သူအသုံးပြု စိုက်ပျိုးရေးသုတေသန ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲတွင် အထင်အရှား



တွေ့မြင်နေရပါကြောင်း၊ အကျိုးဆက်အားဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပြီး ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားလာသည်နှင့်အမျှ ခိုင်မာသော သုတေသနတွေ့ရှိချက်များအပေါ် အခြေပြု၍ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးနှင့် ထုတ်လုပ်မှုကောင်းမွန်လာပြီး တောင်သူများ ဝင်ငွေတိုးတက်ရရှိလာကာ လူနေမှုဘဝ မြင့်မား လာစေသည့် အကျိုးဆက်များ ဖြစ်တည်လာမည်ဖြစ်ပါကြောင်း။

ပုံမှန်ဆောင်ရွက်နေကျ သုတေသနလုပ်ငန်းများ အပြင် လတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ၏ လယ်ယာကဏ္ဍနှင့် ဈေးကွက်အပေါ် သက်ရောက်မှုများကိုလည်း မျက်ခြည်မပြတ် လေ့လာ ဆန်းစစ်နေရန် လိုအပ်မည်ဖြစ်ကြောင်း။ ကိုဗစ်-၁၉ ကာလဖြတ်ကျော်နေစဉ် လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေ ပြောင်းလဲကျင့်သုံးရမှုကြောင့် မိမိတို့၏ ICT နည်းပညာ အသုံးချမှုမှာ ယခင်ကထက် သိသာကျယ်ပြန့်စွာ အသုံးပြုနေကြရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါ နည်းပညာကို တောင်သူများလည်း ထိထိရောက်ရောက် အသုံးချတတ်စေရေးအတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ မူဝါဒများအနက် အဓိကကျသော စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေး မူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ အာဟာရပြည့်ဝရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နှင့် အော်ဂဲနစ် စိုက်ပျိုးရေးကျင့်စဉ်များ ချမှတ်ဆောင်ရွက်ထားရှိပြီး တောင်သူလယ်သမားများ အပါအဝင် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် သုတေသနနှင့် ပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအားလုံးက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ချီးမြှင့်**

တတိယအကြိမ် စာတမ်းဖတ်ပွဲတွင် တက်သစ်စ လူငယ်ပညာရှင်များအုပ်စုမှ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ မြေဆီလွှာနှင့်ရေကို စနစ်တကျ စုဆောင်းထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့် ပထမဆု၊ ရှမ်းပြည်နယ် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အလားအလာများအား အကဲဖြတ်ခြင်း ခေါင်းစဉ်ဖြင့် ဒုတိယဆု၊ ကော်ဖီအချဉ်ဖောက်ခြင်း နည်းလမ်းအမျိုးမျိုးဖြင့် ကော်ဖီ၏ သောက်သုံးမှု အရည်အသွေး အရသာအပေါ် လွှမ်းမိုးမှုအား သုတေသနပြုစမ်းသပ်ခြင်း ခေါင်းစဉ်ဖြင့် တတိယဆု တို့ကိုလည်းကောင်း၊ အတွေ့အကြုံရှိပြီးသော ပညာရှင်များအုပ်စုတွင် Effect of Different types of organic manures application on growth and yield of Elephant Food Yamunder immature rubber plantation ခေါင်းစဉ်ဖြင့် ပထမဆု၊ ကော်ဖီကြိတ်ခွဲထုတ်လုပ်သည့် နည်းအလိုက် အရည်အသွေးအပေါ် လွှမ်းမိုးသည့် အချက်များအား လေ့လာဆန်းစစ်ခြင်းခေါင်းစဉ်ဖြင့် ဒုတိယဆု၊ Evaluation of Rubber Clones From PRIM 2000 SERIES in Small Scale Clone Trial ခေါင်းစဉ်ဖြင့် တတိယဆု အပါအဝင် နှစ်သိမ့်ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုနှင့် အများပြည်သူဆိုင်ရာဝယ်ယူရေးလုပ်ငန်းများ

## အောင်မြတ်

အများပြည်သူကဏ္ဍ အဂတိလိုက်စားမှုသည် ပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသော အရင်းအမြစ်များနှင့် ဩဇာအာဏာကို လမ်းလွဲရောက်စေပါသည်။ သို့ဖြစ်၍ ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ပြီး အများပြည်သူကဏ္ဍတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လျှော့ချရန် ထိရောက်သောထိန်းချုပ်မှုများနှင့် တာဝန်ခံမှုယန္တရားများရှိရေးမှာ အရေးကြီးပါသည်။

အများပြည်သူကဏ္ဍ အဂတိလိုက်စားမှုများအနက် ဖြစ်လေ့ဖြစ်ထအရှိဆုံး အဂတိလိုက်စားမှုတစ်ခုမှာ အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများရှိ အဂတိလိုက်စားမှု (Corruption in Public Procurement) ဖြစ်ပါသည်။ သို့ဖြစ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အသိပညာပေးအစီအစဉ်အဖြစ် ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိသော **အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၂)** ပါ အများပြည်သူကဏ္ဍ အဂတိလိုက်စားမှုအခန်း၌ ဆွေးနွေးဖော်ပြထားသော အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများရှိ အဂတိလိုက်စားမှုအကြောင်းကို ဤဆောင်းပါးတွင် ကောက်နုတ်တင်ပြပေးလိုပါသည်။

### အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများရှိ အဂတိလိုက်စားမှု

အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းသည် ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာကို အမြင့်မားဆုံးရရှိစေရန် လိုအပ်သော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းများ (တည်ဆောက်ရေး)ကို အစိုးရက ဝယ်ယူသောလုပ်ငန်းစဉ် ဖြစ်ပါသည်။ ယင်းတွင် အဂတိလိုက်စားမှု ဖြစ်လေ့ဖြစ်ထရှိရခြင်း အကြောင်းရင်းမှာ အရောင်းအဝယ်လုပ်သည့် လုပ်ငန်း၏ပမာဏ၊ ငွေကြေးဆိုင်ရာအကျိုးအမြတ်၊ လုပ်ငန်းစဉ်များ၏ ခက်ခဲရှုပ်ထွေးမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူ့အရာထမ်းများကြား နီးကပ်သော ဆက်နွယ်မှုနှင့် သက်ဆိုင်သူ (Stakeholders) များပြားခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှု(Bribery)၊ အလွဲသုံးစားပြုမှု (Embezzlement)နှင့် လုပ်ငန်းတာဝန်ကို အလွဲသုံးမှု (Abuse of Functions) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေကြောင်း စာစောင်တွင် ဖော်ပြထားပါသည်။

ဝယ်ယူရေးဆိုင်ရာ အဂတိလိုက်စားမှုသည် ပြည်သူ့အရာထမ်းများက အများပြည်သူပိုင်ဆိုင်သော အကျိုးစီးပွားများကို သူကိုယ်တိုင်အတွက်ဖြစ်စေ၊ ၎င်းနှင့်ဆက်စပ်နေသည့် အဖွဲ့အစည်းများအတွက်ဖြစ်စေ တရားဝင်လိုအပ်ချက်များကို ကျော်လွှားခြင်းအားဖြင့် အထူးအခွင့်အရေးပေးအပ်ရန် ဆောင်ရွက်သည့် အကျိုးစီးပွား ပဋိပက္ခအနေအထား၏ အကျိုးဆက်အဖြစ် ပေါ်ပေါက်နိုင်ပါသည်။

သတ်မှတ်ဈေးနှုန်းများ ကြိုတင်ညှိနှိုင်းထားခြင်း၊ လုပ်ငန်းရှင်ကြီးများ လက်ဝါးကြီးအုပ်ခြင်း၊ ယှဉ်ပြိုင်မှုကို နှောင့်ယှက်သည့်အခြားသောအလေ့အထများကဲ့သို့သော အဂတိလိုက်စားမှုများသည် အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများတွင် ဖြစ်ပေါ်နိုင်ပြီး ဝယ်ယူရေးလုပ်ငန်းစဉ်တွင် အစိုးရအနေဖြင့် တန်ရာတန်ကြေး မရရှိသည့် အဓိပ္ပာယ်သက်ရောက်ပါသည်။

### အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု

ဤကဏ္ဍတွင် အများပြည်သူဆိုင်ရာ ဝယ်ယူရေးစနစ်သည် ရသုံးမှန်းခြေကဏ္ဍ၊ စီမံခန့်ခွဲမှု၊ စာရင်းစစ်ဆေးမှုနှင့် တာဝန်ယူမှုစနစ်များပါဝင်သော အစိုးရဝယ်ယူမှုများအတွက် ရည်ညွှန်းပါသည်။ အဆိုပါ ကိစ္စရပ်သည် ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို သုံးစွဲသော အဓိကလမ်းကြောင်းတစ်ခုဖြစ်ပြီး များပြားသောငွေကြေးပမာဏသည် အဂတိလိုက်စားမှုနှင့် လိမ်လည်မှုကဲ့သို့သော ကျင့်ဝတ်နှင့်မညီသည့် အလေ့အထများအတွက် အခွင့်အလမ်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဝယ်ယူရေးဖြစ်စဉ်တွင် ကြိုတင်ရွေးချယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ တင်ဒါလုပ်ငန်းစဉ်များ၊ အကောင်းဆုံးသော တင်ဒါအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များ ပါဝင်သော အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၊ ရွေးချယ်ပြီးနောက်ပိုင်း ဆောင်ရွက်ချက်များ၊ မှတ်တမ်းများထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း စသည့်အဆင့်များပါဝင်ပြီး အဆင့်အားလုံးတို့တွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ရှိပါသည်။

အများပြည်သူဆိုင်ရာဝယ်ယူရေးသည် အစိုးရအသုံးစရိတ်၏ များပြားသောပမာဏဖြစ်ပြီး နိုင်ငံများသည် အဆိုပါ ဝယ်ယူရေးအတွက် ၎င်းတို့ ဂျီဒီပီ၏ ပျမ်းမျှ ၁၃ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ အသုံးပြုသည်ဟု စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD) က ခန့်မှန်းပါသည်။ အများပြည်သူဆိုင်ရာ ငွေကြေးရန်ပုံငွေများကို လုံခြုံစိတ်ချစေရန်နှင့် အခွန်ထမ်းပြည်သူတို့၏ အခွန်ငွေများကို အကျိုးရှိစွာ အသုံးပြုရန် ရည်ရွယ်လျက် အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းများတွင် ထိရောက်ကျယ်ပြန့်သော ဥပဒေနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပါသည်။

ဝယ်ယူရေးလုပ်ငန်းစဉ်၏ ပန်းတိုင်သည် စီးပွားရေးအရ အကျိုးအရှိဆုံးသောတင်ဒါ (Most Economically Advantageous Tender – MEAT) အဖြစ် ရည်ညွှန်းသည့် အကောင်းမွန်ဆုံးတန်ဖိုးကို ပေးစွမ်းနိုင်သောအလုပ် သို့မဟုတ် ဝန်ဆောင်မှုနှင့် လိုအပ်သည့်ကုန်စည်များကို ရရှိရန် ဖြစ်ပါသည်။ ထို့ပြင် ဈေးနှုန်း၊ အရည်အသွေး၊ အသုံးဝင်မှု၊ ပြန်လည်အသုံးချနိုင်မှု၊ စွန့်ပစ်ပစ္စည်းများဆိုင်ရာ ကုန်ကျစရိတ်နှင့်အတူ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများကဲ့သို့သော အချက်များကို ထည့်သွင်းစဉ်းစားပါသည်။

> ❖ **အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းသည် ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာကို အမြင့်မားဆုံးရရှိစေရန် လိုအပ်သောကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းများ(တည်ဆောက်ရေး)ကို အစိုးရကဝယ်ယူသောလုပ်ငန်းစဉ်ဖြစ်။**
>
> ❖ **ယင်းတွင် အဂတိလိုက်စားမှု ဖြစ်လေ့ဖြစ်ထရှိရခြင်း အကြောင်းရင်းမှာ အရောင်းအဝယ်လုပ်သည့် လုပ်ငန်း၏ပမာဏ၊ ငွေကြေးဆိုင်ရာအကျိုးအမြတ်၊ လုပ်ငန်းစဉ်များ၏ ခက်ခဲရှုပ်ထွေးမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူ့အရာထမ်းများကြား နီးကပ်သော ဆက်နွယ်မှုနှင့် သက်ဆိုင်သူ (Stakeholders) များပြားခြင်းတို့ကြောင့်ဖြစ်။**

ဝယ်ယူရေးစနစ်ကို အစိုးရ၏ငွေကြေးသုံးစွဲမှုမှတစ်ဆင့် အစိုးရမူဝါဒဆိုင်ရာ ရည်မှန်းချက်များကို အောင်မြင်ရန် အသုံးပြုပါသည်။ ဥပမာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အလေးထားသော ကုန်ပစ္စည်းများ ထုတ်လုပ်မှုကို အားပေးခြင်း၊ ရည်ရွယ်ထားသောအုပ်စုများမှ ပုဂ္ဂိုလ်များအတွက် အစိုးရကန်ထရိုက်များ၏ အစိတ်အပိုင်းကို သီးသန့်လျာထားခြင်းဖြင့် စီးပွားရေးဆောင်ရွက်မှုများတွင် လူနည်းစု သို့မဟုတ် အခွင့်မသာသောအုပ်စုများနှင့် သေးငယ်သော ကုမ္ပဏီများ ပါဝင်လာစေခြင်း၊ အစိုးရနှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်နေသောကုမ္ပဏီများအား လူ့အခွင့်အရေးကို လေးစားလိုက်နာစေခြင်းတို့ ဖြစ်စေသည်။

အများပြည်သူဆိုင်ရာ ဝယ်ယူရေးစနစ်သည် အများပြည်သူဆိုင်ရာဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် (Public Financial Management – PFM) ပြီးပြည့်စုံစေရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဤစနစ်၏ စွမ်းဆောင်ရည်ပေါ်မူတည်၍ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။ နော်ဝေဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (Norwegian Agency for Development Cooperation – NORAD) ၏ အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသကဲ့သို့ အများပြည်သူဆိုင်ရာ ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင် နိုင်ငံတစ်နိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာလုပ်ငန်းစဉ် အစိတ်အပိုင်းအားလုံးဖြစ်သည့် Upstream (မဟာဗျူဟာစီမံချက်၊ ကာလလတ် အသုံးစရိတ်မူဘောင်၊ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းအပါအဝင်)နှင့် Downstream (အခွန်ဘဏ္ဍာစီမံခန့်ခွဲမှု၊ ဝယ်ယူရေးလုပ်ငန်းများ၊ ထိန်းချုပ်မှု၊ စာရင်းပြုစုမှု၊ ထုတ်ပြန်မှု၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊ စာရင်းစစ်ခြင်းနှင့် ကြီးကြပ်ခြင်းအပါအဝင်) နှစ်မျိုးစလုံး ပါဝင်ပါသည်။

ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (PFM) စနစ်သည် အများပြည်သူဆိုင်ရာကဏ္ဍတွင် အစိုးရဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးတိုးတက်ခြင်း၊ အစိုးရကဏ္ဍတွင် အများပြည်သူ၏ ယုံကြည်မှုကို တည်ဆောက်ခြင်းနှင့် အများပြည်သူဆိုင်ရာ ငွေကြေးရန်ပုံငွေများအား အကျိုးရှိရှိ ကျွမ်းကျင်စွာအသုံးပြုမှုကို သေချာစေခြင်း စသည့် ၎င်း၏ အခန်းကဏ္ဍများအား ဖြည့်စွမ်းနိုင်မှုကို သေချာစေပါသည်။

ထို့ပြင် ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (PFM) စနစ်သည် မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ယှဉ်ပြိုင်မှုကို ရရှိသည့်အပြင် ပူးပေါင်းလိမ်လည်ရန် ကြိုတင်ညှိနှိုင်းထားခြင်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လက်ဝါးကြီးအုပ်လွှမ်းမိုးမှုတို့ကို ရှောင်ရှားနိုင်ပါသည်။ ထို့ကြောင့် ပြည့်စုံသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ခြင်းသည် အစိုးရ၏ ငွေကြေးသုံးစွဲမှုတွင် အဂတိလိုက်စားမှုအန္တရာယ်များကို လျှော့ချရန်အတွက် အရေးကြီးသောအချက်တစ်ချက်ဖြစ်ကြောင်း စာစောင်၌ ဆွေးနွေးဖော်ပြထားပါသည်။

### အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းရှိ အဂတိလိုက်စားမှုဖြစ်ပွားရသည့် အကြောင်းရင်းများ

ယေဘုယျအားဖြင့် အများပြည်သူကဏ္ဍရှိ အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေသော အချက်အားလုံးသည် ဝယ်ယူရေးဆိုင်ရာ နယ်ပယ်များကိုလည်း သက်ရောက်ပါသည်။ သို့ရာတွင် အချို့တိကျသော အကြောင်းရင်းများကြောင့် အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းသည် အဂတိလိုက်စားမှုကို ထိတွေ့ရခြင်း ဖြစ်ပါသည်။

ပထမဆုံးအချက်မှာ ကန်ထရိုက်ပမာဏကြီးမားမှုနှင့် ပါဝင်သောငွေကြေးပမာဏ များပြားခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ဝယ်ယူရေးလုပ်ငန်းစဉ်များ၏ စီးပွားရေးဆိုင်ရာ သဘောတရားများတွင် ရှိရင်းစွဲ အဂတိလိုက်စားမှုအန္တရာယ်ကိုတုံ့ပြန်ရန် စနစ်မရှိခြင်းကြောင့် ဖြစ်ကြောင်း၊ နောက်အချက်မှာ အကဲဖြတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များရေးဆွဲခြင်းဖြစ်စဉ်တွင် ခွင့်ပြုထားသော တစ်ဦးတည်းဆုံးဖြတ်ခွင့် အာဏာကြောင့်ဖြစ်ကြောင်း၊ ပြည်သူ့အရာထမ်းတစ်ဦးသည် ကုမ္ပဏီတစ်ခုကို မျက်နှာသာပေးသော အကဲဖြတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ရေးဆွဲခြင်းဖြင့် မည်သည့်ကုမ္ပဏီအား တင်ဒါခေါ်မည်ကို ဆုံးဖြတ်ခြင်း သို့မဟုတ် ပိုမိုနှစ်သက်သော ကုမ္ပဏီကို ကန်ထရိုက်တစ်ခုရရှိရန် ကြိုးကိုင်ခြင်းအားဖြင့် ၎င်း၏ဩဇာအာဏာကို မလျော်စွာ ပြုမူဆောင်ရွက်နိုင်ကြောင်း စာစောင်တွင် ဆွေးနွေးဖော်ပြထားပါသည်။

ပြည်သူ့အရာထမ်းတစ်ဦးသည် ကြီးမားသော ကန်ထရိုက်များနှင့်ပတ်သက်၍ အများသိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုတို့အတွက် လိုအပ်သော စည်းမျဉ်းများကို ရှောင်တိမ်းရန် ကြီးမားသော ကန်ထရိုက်တစ်ခုအား သေးငယ်များပြားသည့် ကန်ထရိုက်များအဖြစ် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် ဝယ်ယူရေးလုပ်ငန်းစဉ်တွင် လိုအပ်သောမှတ်တမ်းများ ထားရှိခြင်းကို ရှောင်ရှားရန် သို့မဟုတ် လိမ်လည်မှု (မမှန်ကန်သော ကုန်ပို့လွှာများ တင်ပြခြင်း)ကို ကျူးလွန်ရန် သို့မဟုတ် တင်ဒါ / ပြိုင်ဘက်များအပေါ်တွင် လျှို့ဝှက်သတင်းများရရှိရန် ကြိုးပမ်းနိုင်ပါသည်ဟု စာစောင်တွင် ဆွေးနွေးဖော်ပြထားပါသည်။

### အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းရှိ အဂတိလိုက်စားမှု၏ အကျိုးသက်ရောက်မှုများ

အများပြည်သူဆိုင်ရာ ဝယ်ယူရေးလုပ်ငန်းရှိ အဂတိလိုက်စားမှုသည် ယေဘုယျအားဖြင့် အဂတိလိုက်စားမှု၏ ဆိုးရွားသော အကျိုးသက်ရောက်မှုများ အားလုံးကို ဖြစ်ပေါ်စေပါသည်။ အဂတိလိုက်စားသည့် အပြုအမူများ၏ ဆိုးရွားသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးနစ်နာမှုများ (အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှု၊ အခွင့်အလမ်းများ အကျိုးမရှိမှုနှင့် လေလွင့်ဆုံးရှုံးမှု)သည် အဂတိလိုက်စားသည့် အပြုအမူများမှ ရရှိနိုင်သော အကျိုးအမြတ်ထက် ပို၍ မြင့်မားပါသည်။ ၎င်းသည် အစိုးရအပေါ်တွင် အများပြည်သူ၏ ယုံကြည်မှုကို ဆိုးရွားစွာလျော့ကျစေသည့်အပြင် ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာများကို ရရှိစေရန်လိုအပ်သော အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုကို ယိုယွင်းပျက်စီးစေပါသည်။

သာဓကအဖြစ် အာရှဒေသရှိ နိုင်ငံတစ်ခု၌ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော အားကစားပွဲ တစ်ခုအတွင်း ပြောင်းလဲမှုမရှိသော တင်ဒါများနှင့် ယှဉ်ပြိုင်မှုကင်းမဲ့ခြင်း ကဲ့သို့သော ဝယ်ယူရေးဆိုင်ရာ ပြဿနာ အမြောက်အမြား ကြုံတွေ့ခဲ့ရကြောင်း၊ အဆိုပါ ပြဿနာများသည် အရည်အသွေးနိမ့်ကျပြီး ဈေးနှုန်းမြင့်သည့် ကုန်ပစ္စည်းများနှင့် နှောင့်နှေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း စာစောင်တွင် ဖော်ပြထားပါသည်။ အချို့ဝယ်ယူရေးဆိုင်ရာ အဂတိလိုက်စားမှုများသည် သေဆုံးမှုနှင့် အနာတရဖြစ်မှုများကို ဦးတည်စေကြောင်း စာစောင်ပါ ဖော်ပြချက်ကို ယခင်ဆောင်းပါးတွင်လည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဝယ်ယူရေးနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂ၌ ဝယ်ယူရေးဆိုင်ရာ အဂတိလိုက်စားမှုများမှ တိုက်ရိုက်ဆုံးရှုံးမှုများသည် စီမံကိန်းကုန်ကျစရိတ်၏ ၁၈ ရာခိုင်နှုန်းအထိ ရှိနိုင်သည်ဟု ဥရောပလိမ်လည်မှုဆန့်ကျင်ရေးရုံး (European Anti-Fraud Office) က တာဝန်ပေးထားသော သုတေသနတွင် ဖော်ပြထားပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (United Nations Convention Against Corruption – UNCAC) ၏ အပိုဒ် (၉)တွင် ဝယ်ယူရေးဆိုင်ရာ အဂတိလိုက်စားမှု၏ ဆိုးရွားသော အကျိုးသက်ရောက်မှုများကို လျှော့ချရန် အဖွဲ့ဝင်နိုင်ငံများသည် အဂတိလိုက်စားမှုကို တားဆီးရာ၌ ထိရောက်မှုရှိသော လိုအပ်သည့်အခြေခံအုတ်မြစ်များဖြစ်သည့် **ပွင့်လင်းမြင်သာမှု၊ ယှဉ်ပြိုင်နိုင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဓမ္မဓိဋ္ဌာန်ကျသောစံသတ်မှတ်ချက်များအပေါ်** အခြေခံသည့် သင့်လျော်သော ဝယ်ယူရေးစနစ်များထူထောင်ရန် လိုအပ်သည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ကျင့်သုံးခြင်း၊ အစိုးရအခွန်ရငွေများနှင့် အသုံးစရိတ်များကို ထုတ်ပြန်ကြေညာခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် အန္တရာယ်စီမံခန့်ခွဲမှုအပါအဝင် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုတွင် **ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ တာဝန်ခံမှု**ရှိရန် လိုအပ်သည်ဟု စာစောင်တွင် ဖော်ပြထားပါသည်။

### စံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်များ

ဤရည်ညွှန်းစာစောင်တွင် ဖော်ပြပါ အများပြည်သူဆိုင်ရာ ဝယ်ယူရေးနယ်ပယ်၌ အဂတိလိုက်စားခြင်းဖြစ်လွယ်မှု အန္တရာယ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ချဉ်းကပ်နည်းလမ်းများကို ယခုကောက်နုတ်တင်ပြပြီးဖြစ်ပါသည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများ ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းကို နိုင်ငံတော်သမ္မတရုံး၏ ၁၀ – ၄ – ၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ **စာမျက်နှာ ၈ သို့** ❂

**စာမျက်နှာ ၈ သို့**

○ ကျောဖုံးမှ

ပမာဏတိုင်းတာခြင်းစသည့် ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

ယနေ့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ပထမအကြိမ်ထိုးနှံခဲ့ကြသူများ အနေဖြင့် ပထမအကြိမ်ဆေးထိုးပြီးနောက် ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ထပ်မံထိုးနှံကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမင်းနိုင်**
**ဓာတ်ပုံ- ကိုကြီးထိန်(MNA)**



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသားများ ဝန်ထမ်းအလှည့်ကျပြောင်းလဲခြင်း အကူအညီပေးရေးကော်မတီ(CCSC)တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၈ ဦး၊ ဖိလစ်ပိုင်မှ သုံးဦး၊ မလေးရှားမှ သုံးဦး၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ ငါးဦး၊ အင်ဒိုနီးရှားမှ ရှစ်ဦး၊ ဂျာမနီမှ သုံးဦး၊ ဒိန်းမတ်မှ တစ်ဦး၊ အီဂျစ်မှ တစ်ဦး၊ ပြင်သစ်မှ တစ်ဦး၊ မြန်မာသင်္ဘောသား စုစုပေါင်း ၁၃၁ ဦး လိုက်ပါခဲ့ကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၂ ဦးကို မြန်မာသံရုံး စင်ကာပူမြို့မှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း(MNA) အထူးစင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိကြသည်။



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ၊ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

**ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို ယနေ့နံနက် ၉ နာရီက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နာယကဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Video Message ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သည် အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်များ စုစည်းဖွဲ့ထားသည့် အင်ဂျင်နီယာအစုအဖွဲ့ကြီး တစ်ရပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် (၂၅)နှစ် ငွေရတုတိုင်ခဲ့ပြီဖြစ်ပြီး အသင်းဝင်အင်အား ခြောက်သောင်းခြောက်ထောင် ငါးရာခန့်၊ အသင်းခွဲ ၂၇ ခု၊ အသင်းသား ကုမ္ပဏီ ၃၅၀ ခန့်နှင့် ဖွဲ့စည်းထားနိုင်သည့် အနေအထားသို့ ရောက်ရှိနေသည်ကို ကြားသိရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း။

**တစ်တပ်တစ်အား ပါဝင်နိုင်ရန်**

အသင်းချုပ်ကြီး၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များသည်လည်း ပိုမိုကြီးမားကျယ်ပြန့်လာပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုများစွာကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ အဓိက ရည်ရွယ်ချက်များမှာ မြန်မာအင်ဂျင်နီယာများ၏ ကျင့်ဝတ်သိက္ခာထိန်းသိမ်းမှုနှင့် ပညာရပ်ပိုင်းဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အင်ဂျင်နီယာများအနေဖြင့် တစ်တပ်တစ်အား ပါဝင်နိုင်ရန်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေးသည် လွန်စွာအရေးပါပြီး ယင်းလုပ်ငန်းများကို အင်ဂျင်နီယာများက အဓိကဆောင်ရွက်ရပါကြောင်း၊ ၂၀၁၆ ခုနှစ် အစိုးရသစ်တာဝန်ယူချိန်မှစပြီး လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း



များတွင် သိသာထင်ရှားသည့် တိုးတက်မှုများစွာကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယင်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းနှင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများလည်း ဝင်ရောက်လာမည်ဖြစ်သည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် အင်ဂျင်နီယာပညာရပ်သင်ကြားရေး အခန်းကဏ္ဍသည် အရေးကြီးပါကြောင်းနှင့် အဆိုပါကိစ္စရပ်များကိုလည်း အသင်းအနေဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အာဆီယံဒေသတွင်း အဖွဲ့အစည်းများ၊ ပြည်ပအင်ဂျင်နီယာအဖွဲ့အစည်းများဖြစ်သည့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်၊ အာရှပစိဖိတ်ဒေသအင်ဂျင်နီယာအဖွဲ့ချုပ်၊ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် စသည်တို့နှင့် ပူးပေါင်းချိတ်ဆက်၍ အင်ဂျင်နီယာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများကို ကျင်းပဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အသင်းအနေဖြင့် ၂၀၁၉ ခုနှစ်မှစတင်ပြီး အင်ဂျင်နီယာအသင်းချုပ်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အင်ဂျင်နီယာအသင်းများ ဖွဲ့စည်းနိုင်ရန် အားပေးအားမြှောက်ပြုနေခြင်း၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ပညာရှင်အသင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့မြင်သိရှိနေရသည့်အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ COVID-19 Pandemic ကာလအတွင်း အသင်းချုပ်၏ ဆောင်ရွက်ချက်များ ရပ်တန့်သွားခြင်းမရှိဘဲ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ညွှန်ကြားချက်များနှင့်အညီ အသင်းလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို သိရှိရပါကြောင်း။

ယနေ့ကျင်းပသည့် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးပြီးလျှင် ၂၀၂၁-၂၀၂၂ ကာလအတွက် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား အစီအစဉ်များကိုလည်း ပထမဆုံးအကြိမ်အဖြစ် အွန်လိုင်းမှ ဆက်လက်ကျင်းပသွားမည်ဟုသိရပါကြောင်း၊ အွန်လိုင်းမှ ရွေးချယ်မဲပေးကြမည့်သူများအားလုံးသည် အသင်းချုပ်၏ တိုးတက်ဖွံ့ဖြိုးမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ကြပြီး အင်ဂျင်နီယာလောက၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်ကြမည့် အမှုဆောင်များကို သေချာမဲပေးရွေးချယ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ သစ်လွင်ဆန်းသစ်သည့် စိတ်ကူးအကြံအစည်များနှင့် နိုင်ငံတကာ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ မိမိတို့နိုင်ငံလည်း ရင်ပေါင်တန်းလိုက်နိုင်မည့် နိုးကြားတက်ကြွထက်မြက်သည့် လူငယ်လူလတ်များက အမှုဆောင်အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခံနိုင်ကြရန်လည်း အရေးကြီးပါကြောင်း၊ ရွေးချယ်ခံကြရမည့် ဗဟိုကော်မတီဝင်များ အားလုံးသည်လည်း နိုင်ငံတော်မှချမှတ်ထားသောမူဝါဒများနှင့် အသင်းချုပ်ကြီး၏ ချမှတ်ထားသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်နေသည့် ရေတိုရေရှည် လုပ်ငန်းစဉ်များအားလုံး အောင်မြင်ရန်အားလုံး တက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားနိုင်ကြပါရန် ဆန္ဒပြုပါကြောင်း၊ အင်ဂျင်နီယာပညာရပ်များ ပိုမိုတိုးတက်ရန် အင်ဂျင်နီယာအသင်းဝင်များအားလုံး တက်ညီလက်ညီ ပူးပေါင်း၍ နိုင်ငံတော်ကြီး၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးပိုင်းများတွင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆတက်ထမ်းပိုး ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်သွားကြရန်နှင့်အသင်းကြီး အစဉ်အမြဲတည်တံ့တိုးတက်စေရန် ဆန္ဒပြုတိုက်တွန်းနှိုးဆော်လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ နာယက၊ ဥက္ကဋ္ဌနှင့် အသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ သင်ရိုးညွှန်းတမ်းများရေးဆွဲရေးလုပ်ငန်း စတင်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ သင်ရိုးညွှန်းတမ်းများ ရေးဆွဲရေးလုပ်ငန်း စတင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ပြင်ဆင်ရေးဆွဲရန် အရေးကြီး**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသင်ရိုးညွှန်းတမ်းများရေးဆွဲရေးလုပ်ငန်း စတင်ခြင်းအခမ်းအနားကျင်းပသည့် ယနေ့သည် တက္ကသိုလ်များအားလုံးအတွက် အရေးပါသောနေ့ တစ်နေ့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် လူမှုစီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှု(IQ)နှင့် စိတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကိုစာနာပေးနိုင်မှု(EQ)နှင့် ၂၁ ရာစု ကျွမ်းကျင်မှုများ ရရှိစေမည့် အဆင့်မြင့်ပညာသင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲရန် အရေးကြီးပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမြှင့်တင်ရေး၊ လူသားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုတိုးတက်မြင့်မားရေးတို့ကို ဦးတည်သည့် သင်ရိုးညွှန်းတမ်းများကို လက်တွေ့အကျိုးရှိ ထိရောက်စေရန် ပြင်ဆင်ရေးဆွဲ သင်ကြားသင်ယူကြရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် မြန်မာနိုင်ငံ တက္ကသိုလ်များ၏ ဥပဒေပညာဘွဲ့နှင့် ဥပဒေပညာမဟာဘွဲ့သင်တန်းများ၌ ပင်မဘာသာရပ်တစ်ခုဖြစ်ပါကြောင်း။

**ညှိနှိုင်းတိုင်ပင်ရေးသားပြုစု**

ဘွဲ့သင်တန်းများ၌ လိုအပ်သည့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ပေးသော အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB)ကို ကျေးဇူးတင်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေသင်ရိုးညွှန်းတမ်းများရေးဆွဲသင်ကြားသင်ယူရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ဥပဒေမူဝါဒပြုပြင်ပြောင်းလဲရေး အကြံပေးအရာရှိ Ms. Christina Pak အားလည်းကောင်း၊ စီမံကိန်းစတင်ဆောင်ရွက်နိုင်ရန် အားထုတ်ပေးသည့် Climate Change ပညာရှင် Mr. Matthew Baird နှင့် ညှိနှိုင်းရေးမှူး ဒေါ်ခင်သန္တာအားလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသင်ရိုးညွှန်းတမ်းရေးဆွဲရေးလုပ်ငန်းအဖွဲ့မှ ပါမောက္ခများနှင့် ကထိကများအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း၊



ကမ္ဘာ့လူသားကောင်းများ ဖြစ်ထွန်းလာစေရေး ဦးတည်သည့် သင်ရိုးညွှန်းတမ်းများကို မိမိတို့စွမ်းဆောင်ရည်များအား အကောင်းဆုံးအသုံးချ၍ ညှိနှိုင်းတိုင်ပင်ရေးသားပြုစုပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသင်ရိုးညွှန်းတမ်းများရေးဆွဲရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးသည်။ ထို့နောက် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ Ms. Christina Pak က ဆွေးနွေးပြောကြားကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့ (သုတေသန) ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ဥပဒေမူဝါဒပြုပြင်ပြောင်းလဲရေး အကြံပေးအရာရှိ Ms. Christina Pak နှင့် အဖွဲ့ဝင်များ၊ ရာသီဥတုပြောင်းလဲမှုပညာရှင် Mr. Matthew Baird နှင့် ပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ကျခံသုံးစွဲသည့် ဘဏ္ဍာရန်ပုံငွေ ပမာဏနှင့် ညီမျှသော အရည်အသွေးပြည့်ဝပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် လိုက်လျောညီထွေသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ အဆောက်အအုံများ ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေကို သုံးစွဲရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်(UNCAC)၏ ရည်ရွယ်ချက်ပါအတိုင်း အများပြည်သူ၏ ဘဏ္ဍာငွေကို သုံးစွဲရာတွင် အဂတိလိုက်စားမှုကင်းရှင်းပြီး အကျိုးသက်ရောက်မှုကောင်းမွန်သည့် အုပ်ချုပ်ရေး(Effective Good Governance) ဖြစ်စေရေးအတွက်လည်းကောင်း၊ တစ်ပြေးညီစံထားလိုက်နာရမည့် "တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာ စံထားသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်" ကို နိုင်ငံတော်သမ္မတရုံး၏ ၂၈-၁၂-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၇/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ လုပ်ထုံးလုပ်နည်းများ အပါအဝင် လိုက်နာရန်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ အမှန်အကန်လိုက်နာဆောင်ရွက်ကြခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖော်ဆောင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ်ကို ရရှိစေမည်ဖြစ်ကာ ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာတွင် အဂတိလိုက်စားမှုကင်းရှင်းအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ထိရောက်ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးအတွက် တွန်းအားတစ်ရပ်ကို ဖြစ်စေနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)တွင် ပါရှိသော အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသတင်း ကော်လံ(၂)၌ **ပြည်တွင်းမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့သုံးရာခိုင်နှုန်း** (အစား) **ပြည်တွင်းမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့သုံး ၃၄ ရာခိုင်နှုန်း**ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(စာတည်းအဖွဲ့)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Pulses Day 2021 အခမ်းအနားနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ပထမအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတို့သို့ Video Massage ပေးပို့အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၃၀

World Pulses Day 2021 အခမ်းအနားနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတို့ကို ယနေ့ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Video Message ပေးပို့၍ အမှာစကားပြောကြားသည်။




### ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိ

World Pulses Day 2021 အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ထွက်ကုန် ပဲမျိုးစုံများ၏ ပြည်ပတင်ပို့မှုအခြေအနေများ၊ ရှေ့အလားအလာများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် လယ်ယာကဏ္ဍသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ပဲမျိုးစုံတင်ပို့မှုတွင် ပင်လယ်ရေကြောင်းတင်ပို့မှုမှ ၆၅ ရာခိုင်နှုန်းနှင့် နယ်စပ်မှ တင်ပို့မှုမှ ၃၅ ရာခိုင်နှုန်း အသီးသီးရှိပါကြောင်း။

မြန်မာနိုင်ငံမှ ပဲမျိုးစုံတင်ပို့ရာတွင် ၂၀၁၉ ခုနှစ် စာရင်းများအရ နိုင်ငံပေါင်း ၆၀ ခန့်ကို တင်ပို့လျက်ရှိပြီး အိန္ဒိယ၊ တရုတ်၊ စင်ကာပူ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ မလေးရှား၊ ဂျပန်နိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိပါကြောင်း။

ထူးခြားချက်အနေဖြင့် ကိုဗစ်ကူးစက်ရောဂါကြောင့် အခြားသောပို့ကုန်များ၌ လျော့နည်း ကျဆင်းမှုများတွေ့ရှိရသော်လည်း ပဲမျိုးစုံအပါအဝင် လယ်ယာစိုက်ပျိုးသီးနှံပို့ကုန်များမှာ ကျဆင်းမှုမရှိဘဲ ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ပဲမျိုးစုံပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES)တွင် ပဲမျိုးစုံကဏ္ဍကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၌ အရည်အသွေးမြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ သယ်ယူပို့ဆောင်မှု၊ ကြိတ်ခွဲသိုလှောင်မှုစရိတ်လျှော့ချရေး၊ ပြည်ပသို့ ပဲမျိုးစုံတိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်တွင်းပဲစားသုံးမှုတိုးမြှင့်ရေး၊ ပဲများကို ကုန်ကြမ်းမှတစ်ဆင့်မြင့် Value-added ကုန်ချောများအဖြစ် တိုးမြှင့်ထုတ်လုပ်ဖြန့်ချိ တင်ပို့နိုင်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပဲမျိုးစုံကဏ္ဍမှာ ဝယ်ယူရောင်းချကြိတ်ခွဲမှုများကို လုပ်ကိုင်ဆောင်ရွက်နေသူများ၏ အကျိုးစီးပွားကိုသာမက စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ အကျိုးကိုလည်း ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းဥက္ကဋ္ဌ၊ ပဲစိုက်တောင်သူကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ပြည်ပနိုင်ငံများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### ဝမ်းမြောက်စွာကြိုဆို

ဆက်လက်၍ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး EIF Tier-2 အဆင့် စီမံကိန်းဖြစ်သည့် မြန်မာ့ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် Digital Economy Innovation Advocacy Project ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလို ပူးပေါင်းဆောင်ရွက်နိုင်မှုအတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း။

ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာသည့်အတွက် e-Commerce၊ Online Learning၊ Telemedicine၊ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး၊ အွန်လိုင်းဖျော်ဖြေရေး၊ Sharing Economy စသည့် လုပ်မှုစီးပွားကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် CERP တွင်ပါဝင်သည့် e-Commerce နှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များအရ COVID-19 ကပ်ရောဂါကာလအတွင်း Offline မှ Online သို့ ကူးပြောင်းမည့် စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြု Good Practice Guide များ ထုတ်ဝေခြင်း၊ SME လုပ်ငန်းများအား ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် နည်းပညာအကူအညီများ ပံ့ပိုးပေးခြင်း၊ ကပ်ရောဂါအလွန် စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် အကြံဉာဏ်များကို ဖော်ထုတ်နိုင်မည့် Application များကို တီထွင်နိုင်ရေး e-Commerce Guidelines ရေးဆွဲခြင်းနှင့် e-Commerce လုပ်ငန်းများကို မှတ်ပုံတင်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

### ကူညီဆောင်ရွက်

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းအနေဖြင့် IT နည်းပညာ၊ e-Commerce လုပ်ငန်းများတွင် လူငယ်များ၊ MSMEs အကြား ပိုမိုအသုံးပြုလာစေရန် ကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ e-Commerce Law ကို မူကြမ်းရေးဆွဲနိုင်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ ပိုမိုကောင်းမွန်သည့် ပြည်သူ့ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Tradenet 2.0 စနစ်ကိုလည်း အဆင့်လိုက် အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေးအတွက် မကြာမီဖွင့်လှစ်မည့် ဇေကမ္ဘာပြတိုက်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၃၀

ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေးအတွက် မကြာမီဖွင့်လှစ်မည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဂေါက်ကွင်းအနီး တည်ဆောက်ထားသည့် ပထမဆုံး ပုဂ္ဂလိက ရှေးဟောင်းပြတိုက် ဇေကမ္ဘာပြတိုက်သို့ ယမန်နေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုလေ့လာကြသည်။

### လှည့်လည်ကြည့်ရှု

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ဇေကမ္ဘာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုရာ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြတိုက်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ပြတိုက်၌ သမိုင်းမတင်မီခေတ်မှ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝစသော ခေတ်အဆက်ဆက်မှ ကိုလိုနီခေတ်အထိ လူ့အသုံးအဆောင်များဖြစ်သည့် လက်နက်၊ အိုးခွက်၊ ပုတီး၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ပစ္စည်းပြခန်းများ၊ မြန်မာမှုလက်ရာ ပန်းချီ၊ ပန်းပု၊ ရုပ်လုံး၊ ရုပ်ကြွ ပန်း (၁၀) မျိုး ပြခန်းများနှင့် ကုန်းနေ၊ ရေနေသတ္တဝါများ၏ မေးရိုး၊ သွား၊ ဦးခေါင်းခွံ၊ ခြေ၊ လက်၊ အရိုး၊ မစင်စသည့် ကျောက်ဖြစ်ရုပ်ကြွင်း ပစ္စည်းမျိုးစုံ၊ နှစ်သန်း ၁၁၀ သက်တမ်းရှိ အင်းဆက်မျိုးနွယ်စု ပါဝင်သော မြန်မာ့ပယင်း တွင်းထွက်များ၊ Sivapithecus မျိုးနွယ်စုဝင် ကမ္ဘာ့ရှားပါး လူတူပရိုင်းမိတ် မေးရိုးနှင့် လက်မောင်းရိုးများ၊ နှစ်သန်း ၃၈၀ သက်တမ်းရှိ Trilobite ကျောက်ဖြစ် ရုပ်ကြွင်းများ၊ သံခေတ်က လူသေအလောင်းကို မြှုပ်နှံမှုများ၊ ကျောက်ခေတ်၊ သံခေတ်ရှေးဟောင်းလက်နက်ကိရိယာများ၊ ကြေးခေတ်၊ သုဝဏ္ဏဘူမိခေတ်၊ ပျူခေတ်၊ ဟန်လင်းခေတ်စသည့် ခေတ်အဆက်ဆက်အသုံးအဆောင်ပစ္စည်းများ၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး စသည်တို့ကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇေကမ္ဘာပြတိုက်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဂေါက်ကွင်းအနီး မြေဧက ၅ ဧကပေါ်တွင် စတုရန်းပေ ၁၆၀၀၀၀ ကျယ်ဝန်းသည့် လေးထပ်အဆောက်အအုံအဖြစ် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ဇေကမ္ဘာပြတိုက်ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်နိုင်ရန်စီစဉ်ထားပြီး ပြတိုက်ဖွင့်လှစ်ပြီးပါက မြန်မာနိုင်ငံသားများအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် နိုင်ငံခြားသားများအတွက် တစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၁၀ ကောက်ခံရန် သတ်မှတ်ထားကြောင်း သိရ သည်။

သတင်း- မင်းသစ်(MNA)
ဓာတ်ပုံ- ဆန်းကျော်ဦး

❂ ဘုတလင်မြို့နယ်မှ

လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ကာ အခြားကျေးရွာများမှ အိမ်ထောင်စုများကို မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြသည်။

နိုင်ငံတော်က ပေးအပ်သည့် ထောက်ပံ့ငွေများကို အခြေခံလူတန်းစား အိမ်ထောင်စုများ လက်ဝယ်အရောက်ရရှိရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုတစ်စုလျှင် ဌာနတစ်ခု တာဝန်ပေးအပ်ပြီး ရပ်မိရပ်ဖ နှစ်ဦး ပါဝင်သော ကြီးကြပ်ရေးအဖွဲ့ဝင် ခုနစ်ဦးဖြင့် စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က ပြောသည်။

ဘုတလင်မြို့နယ်ရှိ အခြေခံလူတန်းစား ထပ်တိုးအိမ်ထောင်စု ၈၈၉၇ စုအတွက် စုစုပေါင်း ထောက်ပံ့ငွေမှာ ငွေကျပ် ၁၇၇၉ သိန်း ၄ သောင်းဖြစ်ပြီး ယခင် ထောက်ပံ့မှုများတွင် ကျန်ရှိခဲ့သည့် အိမ်ထောင်စုများကို ထပ်တိုး ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးခါး

(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အကောင်အထည်ဖော်ရေး လူငယ်များနှင့် ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၀**

လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ -၂၀၂၄) အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် Virtual Meeting ဖြင့် ကျင်းပသည်။

**လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို ၂၀၁၆ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်နိုဝင်ဘာလတွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀- ၂၀၂၄) ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မိတ်ဆက်ဖြန့်ချီခြင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကြောင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလို မူဝါဒများ၊ မဟာဗျူဟာများ စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်လူငယ်ရေးရာကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းလျက်ရှိကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေးခြင်း၊ ဌာနကသတ်မှတ်ရန်ပုံငွေများ ခွဲဝေပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

လူငယ်ရေးရာမူဝါဒ ရေးဆွဲပြီးစဉ်ကပင် လူငယ်များဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများက လူငယ်ကဏ္ဍဖွံ့ဖြိုးရေးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးကလည်း မဟာဗျူဟာအပေါ် ကနဦးဆောင်ရွက်မှုအနေဖြင့် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍကို ရွေးချယ်ခဲ့ပြီး U – Report တွင် ထည့်သွင်းခြင်းနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများခွဲဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်ပြီးဖြစ်သည့် ဒေသများအနေဖြင့်လည်း အစီရင်ခံတင်ပြခြင်းကို စနစ်တကျ ဆောင်ရွက်ရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် မဟာဗျူဟာစီမံချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူငယ်ကိုယ်စားလှယ်များက ကုန်ကျစရိတ်တွက်ချက်ထားသော စီမံချက်များကို ဒေသလိုအပ်ချက်များအပေါ် မူတည်ရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းမှုများရရှိနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် လူငယ်ရေးရာမူဝါဒပါ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးနှင့် အခြားသောဘေးဖြစ်စေတတ်သည့် အန္တရာယ်များ၊ အားကစားနှင့်အပန်းဖြေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊စီးပွားရေး၊နိုင်ငံရေး၊စာပေအနုပညာနှင့်ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး၊ ကျား၊ မ တန်းတူညီမျှရေး၊ လူ့အခွင့်အရေး၊ နိုင်ငံတကာဆက်ဆံရေး အစရှိသည့် ကဏ္ဍ(၁၆)ရပ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူငယ်များအတွက် အရေးကြီးကဏ္ဍဖြစ်သည့် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁ -၂၀၃၀) ကို ပညာရေးဝန်ကြီးဌာနက ချမှတ်ရေးဆွဲလျက်ရှိရာ လူငယ်များပါဝင်နိုင်မည့် အခွင့်အလမ်းများကို ထည့်သွင်းရေးဆွဲထားရှိပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း။

မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုများကို တိုင်းတာရန်အတွက် ကဏ္ဍတစ်ခုချင်းစီအလိုက် မဟာဗျူဟာခွဲများ ချမှတ်ထားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ ဆောင်ရွက်ချက်များ၊ ဆောင်ရွက်မည့်အဆင့်၊ အဓိကနှင့် ပံ့ပိုးရန်တာဝန်ရှိသူများ၊ အချိန်ကာလသတ်မှတ်ချက်နှင့် ဆန်းစစ်အညွှန်းကိန်းများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ ကဏ္ဍအသီးသီးအလိုက် ဆောင်ရွက်မှုအခြေအနေများကို စုစည်းပေါင်းစပ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့နေရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စတင်ထိုးနှံပေးနေပြီး တစ်နိုင်ငံလုံးအနှံ့ ဆက်လက်ထိုးနှံပေးမည်ဖြစ်သောကြောင့် လူငယ်ထုအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးချိန်အထိ စောင့်ဆိုင်းနေ၍လည်း မရကြောင်း၊ မဟာဗျူဟာပါစီမံချက်များ အကောင်အထည်ဖော်ရေးကို ကိုဗစ်-၁၉ ကာလ သတ်မှတ်စည်းကမ်းများနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေသည့် အချိန်အခါဖြစ်၍ စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်ရေးအတွက် လူငယ်များ၏ အင်အားသည် အရေးပါကြောင်း၊ လူငယ်တိုင်းရင်းသားများအားလုံးသည် မိမိတို့လူမျိုးအလိုက် မျိုးချစ်စိတ်များထားရှိသည့်အပြင် အားလုံးစုစည်းညီညွတ်သော တစ်စိတ်တစ်ဝမ်းတည်းဖြစ်သော "ပြည်ထောင်စုစိတ်ဓာတ်" ဖြင့် လူငယ်များ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝ၍ စွမ်းရည်ထက်မြက်သော လူငယ်များဖြစ်ရုံသာမက နိုင်ငံကိုချစ်မြတ်နိုးသော နိုင်ငံချစ်စိတ်ရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်အတွက်လည်း လူငယ်များက မိမိတို့ကိုယ်တိုင် စွမ်းရည်များ ဖြည့်ဆည်းထားရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် ဥပဒေများကို လေ့လာသိရှိရန်နှင့် ဥပဒေနှင့်အညီ လေးစားလိုက်နာ နေထိုင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုနှင့်အတူ လိုအပ်သည့်ဆွေးနွေးညှိနှိုင်းမှုများ၊ လုပ်ငန်းစီမံချက်များတွင် ဘဏ္ဍာငွေထည့်သွင်းလျာထားမှုများကို ပြည်ထောင်စုနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သက်ဆိုင်ရာအစိုးရဌာနများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လူငယ်များ၏အခွင့်အရေးများကို အပြည့်အဝရရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ကဏ္ဍ(၆)ရပ်နှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများ၊ သတ်မှတ်အချိန်ကာလတို့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်(မူကြမ်း)ကို ရှင်းလင်းဆွေးနွေးသည်။

**ဆုံးဖြတ်ချက်များချမှတ်**

ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်အသီးသီးက အချိန်ကာလသတ်မှတ်၍ ဆောင်ရွက်လိုသော လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးခြင်းနှင့် လိုအပ်သော ခရိုင်နှင့် မြို့နယ်လူငယ်ရေးရာကော်မတီများ ဆက်လက်ဖွဲ့စည်းနိုင်ရေး၊ လူငယ်စင်တာများအတွက် မြေနေရာရရှိရေး၊ ဌာနဆိုင်ရာများနှင့် ပိုမိုနီးကပ်စွာဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များ ခွဲခြားဆောင်ရွက်ရေး၊ လူငယ်ရေးရာကော်မတီများ၏ လုပ်ငန်းဆိုင်ရာ အသုံးစရိတ်ရန်ပုံငွေများရရှိရေး၊ ကိုဗစ်-၁၉ ကာလ၌ အွန်လိုင်းအစည်းအဝေးများကျင်းပရာတွင် ကြိုတင်ပြင်ဆင်မှုဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြရာ ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနတာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ခေါင်လန်ဖူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**ခေါင်လန်ဖူး ဇန်နဝါရီ ၂၀**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ခေါင်လန်ဖူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးခဲ့သည်။

ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကုသရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ကျန်းမာရေးဝန်ထမ်း ၂၀ တို့အား ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း ယင်းကာကွယ်ဆေးထိုးနှံထားသူများသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံရမည်ဖြစ်ကြောင်းနှင့် တစ်ဦးလျှင် ကာကွယ်ဆေး နှစ်ကြိမ်ထိုးရမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဂွမ်ဆိုင်းလီထံမှ သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီး၍ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာပါက အချိန်မီကုသစစ်ဆေးခြင်း ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## ကိုဗစ်ကပ်ရောဂါ ကာကွယ်ရေး၊ ငြိမ်းချမ်းရေး ပန်းချီကားများအပါအဝင် ပန်းချီကားပေါင်း ၁၀၀ ပြသ



**ရန်ကုန် ဇန်နဝါရီ ၂၀**

ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး၊ ငြိမ်းချမ်းရေး စသည့် သရုပ်ဖော် ပန်းချီကားအပါအဝင် လူနေမှု၊ ယဉ်ကျေးမှု၊ ဘဝသရုပ်ဖော် ပန်းချီကားပေါင်း ၁၀၀ ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ Artissmile ပန်းချီပြခန်း၌ ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ (ခြောက်ရက်တိုင်တိုင်)ပြသမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းမှ သိရသည်။

ယင်းပန်းချီကားပေါင်း ၁၀၀ ကို ပန်းချီဆရာ ဦးသန်းဝင်းထွန်းက ရေးဆွဲခြင်းဖြစ်ပြီး ယခုပြပွဲသည် ၎င်း၏ (၈)ကြိမ်မြောက် ပြသသည့် တစ်ကိုယ်တော် ပန်းချီပြပွဲလည်းဖြစ်သည်။

"ကိုဗစ်ကာလမှာ ကိုယ်ကအသက်ကြီးပိုင်းလည်းဖြစ်တော့ ရောဂါလည်းရှောင်ရင်း ပန်းချီတွေပဲ ရေးဖြစ်နေတယ်။ ရေးရင်းနဲ့ပန်းချီကားတွေ ကိုဗစ်ကာလမှာ များလာတယ်။ များလာတော့ ပြပွဲတစ်ခုလောက်လုပ်ချင်တဲ့ဆန္ဒဖြစ်လာတဲ့အတွက် လုပ်ဖြစ်သွားတာပါ"ဟု ၎င်းက ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပန်းချီဆရာ ဦးသန်းဝင်းထွန်းအနေဖြင့် ပန်းချီကားပေါင်း ၂၀၀ ကျော်ကို ရေးဆွဲဖြစ်ခဲ့ပြီး အဆိုပါ ၂၀၀ ထဲမှ ပန်းချီကားပေါင်း ၁၀၀ ကို ပြသခြင်းဖြစ်သည်။ ပြသသည့် ပန်းချီကားများထဲတွင် ရေဆေးဖြင့်ရေးဆွဲသည့် ပန်းချီကား ၃၀၊ ဆီဆေးဖြင့်ရေးဆွဲသည့် ပန်းချီကား ၃၀၊ အက်ခရိုင်းလစ်ဖြင့် ရေးဆွဲသည့် ပန်းချီကား ၄၀ ပါဝင်ကြောင်း သိရသည်။

"ဒီပန်းချီတွေထဲမှာ ပိုစတာဆန်ဆန်တစ်ခုပါတယ်။ ခေတ်နဲ့လျော်ညီအောင် ကပ်ရောဂါဘေးကလည်းဖြစ်နေတော့ ရောဂါဘေးကို အားကြိုးမာန်တက်နဲ့ ကာကွယ်စောင့်ရှောက်ဖို့ အသိပေးချင်တဲ့စိတ်နဲ့ သရုပ်ဖော်ဖြစ်တယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အဲဒါကိုလည်း တင်ပြချင်တဲ့အခါကျတော့ ပန်းချီကားကို ရေးဖြစ်တာပါ။ ကျွန်တော်ရေးဖြစ်တဲ့ ပန်းချီကားပေါင်း ၁၀၀၀ ကျော်ရှိပါပြီ"ဟု ပန်းချီဆရာ ဦးသန်းဝင်းထွန်းက ပြောသည်။

ကိုဗစ်ကာလဖြစ်သည့်အတွက် ပြပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး လာရောက်ကြည့်ရှုလေ့လာရာတွင် အများဆုံး လူဦးရေ ၁၅ ဦးခန့်သာ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ ၁၅ ဦးထက်ပို၍ လာရောက်ပါက အလှည့်ကျစနစ်ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ထားကြောင်း ပွဲစီစဉ်သူ မပြုံးဇာလီက ပြောသည်။

**အေးမင်းသူ**

# နှိုင်းနှိုင်းချိန်ချိန် သုခမိန်ပမာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍သာ

**ကိုရင်ဩ**

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ "လွတ်လပ်ရေး"၏ အနှစ်သာရကို ထုတ်ဖော်ပြသသော "သမ္မတနိုင်ငံ ထူထောင်သည့်နေ့" ရက်မဟာတွင် နိုင်ငံ့အင်အားကြီးထွားမှုကို လှစ်ဟသည့် စစ်ရေးပြပွဲကြီးနှင့်အတူ နိုင်ငံတစ်ဝန်း ဂုဏ်ယူဝင့်ကြွားလျက်ရှိစဉ် ဒေါမာန်အဟုန်ဖြင့် အစွမ်းကုန် တက်ကြွလျက်ရှိနေကြသော တောင်သူလယ်သမားများက "ဒေလီမြို့ဟောင်း"ရှိ "ခံတပ်နီ" အဆောက်အအုံအတွင်းသို့ တစ်မုဟုတ်ချင်း အတင်းအဓမ္မ ဝင်ရောက်လာခဲ့ကြသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ် ကြားသိရသောအခါ ဖျပ်ဖျပ်လူးလူး တထူးတခြားရှိလှသည့် ယင်းသတင်းနှင့် ပတ်သက်၍ စေ့ငုလေ့လာမိလေ၏။

**"ခံတပ်နီ"သို့ ဝင်ရောက်**

ဝှဲချီးထိုက်လှသော စစ်ရေးပြပွဲကြီးကို မြို့တော်နယူးဒေလီ၏ နှလုံးသည်းပွတ်တည်ရာနေရာတွင် ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနေချိန်အတွင်း "ခံတပ်နီ" အဆောက်အအုံအတွင်းသို့ ဆန္ဒပြတောင်သူလယ်သမားများက အတင်းအဓမ္မ ဝင်ရောက်လာခဲ့ရာ ရဲတပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရ၏။

"ခံတပ်နီ" ဟူသည်မှာကား ပဥ္စမမြောက် မဂိုကေရာဇ်မင်း၏ မြို့တော်သစ်အဖြစ် ၁၇ ရာစုခေတ်လယ်တွင် "ရှားဂျဟန်း" ဘုရင်မင်းမြတ်၏ လက်ထက်တည်ထောင်ခဲ့သော သမိုင်းဝင်ခံတပ်နန်းတော်ကြီးဖြစ်၏။ ၂၅၅ ဧက အကျယ်အဝန်းရှိ မြေနေရာပေါ်တွင် တစ်နံ့တစ်လျား ကျယ်ကျယ်ပြောပြောတည်ရှိနေပြီး အစ္စလာမ့်၊ ဟင်ဒီ၊ တီမူးရစ် (ပါရှားနှင့် အာရှအလယ်ပိုင်းဒေသ၌ ထူထောင်ခဲ့သော အင်ပါယာ)နှင့် ပါရှားဗိသုကာလက်ရာ ပေါင်းစုံဖြင့် လက်စွမ်းပြ တည်ဆောက်ခဲ့သည့် နန်းတော်နှင့် ခံတပ်ကြီးတည်ရာဖြစ်၏။

**လွတ်လပ်ရေးရ**

"သမိုင်းတန်ဖိုး" ကြီးမားလှသည့် ခံတပ်နီကြီးသည်ကား ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် နေရူးက နိုင်ငံတစ်ဝန်းသို့ "လွတ်လပ်ရေးနေ့"မိန့်ခွန်း မြွက်ကြားခဲ့သည့်နေရာဖြစ်၏။ ထိုနေ့ရက်သည်ကား ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့သည့်နေ့ရက်ဖြစ်၏။

"မဟတ္တမဂန္ဒီ"ဦးဆောင်သော "လွတ်လပ်ရေး" လှုပ်ရှားမှုအထွတ်အထိပ်သို့ ရောက်ရှိပြီးလေသော် "ဗြိတိသျှ အင်ပါယာ" (ဝါ) နေမဝင်အင်ပါယာ အဝန်းအဝိုင်းအတွင်းမှထွက်၍ "လွတ်မြောက်ခြင်း" (ဝါ) "လွတ်လပ်ခြင်း" သို့ ရောက်ရှိခဲ့၏။ "အဓမ္မ"ကို "ဓမ္မ"(အကြမ်းမဖက်သော အနုနည်း)ဖြင့် ခုခံတွန်းလှန်ခြင်း နည်းလမ်းနှင့်အတူ လမ်းပြဆောင်ခဲ့သူ "ဂန္ဒီကြီး"ကို အမှတ်တရဖြစ်စေ၏။

၁၉၄၇ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် "ခံတပ်နီကြီး"၌ လွတ်လပ်စ အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော "လွှတ်သဘင်" အခမ်းအနားကို ဝှဲချီးထိုက်စွာ ဆင်ယင်ကျင်းပခဲ့၏။ လွတ်လပ်စ အမွန်အဦး "လွတ်လပ်ရေး" မိန့်ခွန်းကို အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ် ဂျဝါဟာလာနေရူးက နိုင်ငံတစ်ဝန်းသို့ မိန့်ကြားခဲ့၏။ "လွတ်လပ်မှု" နှင့် "အချုပ်အခြာအာဏာ" ပိုင်စိုးမှု အနှစ်သာရကို ပြည်သူတို့ "မုဒိတာ" ပွားစေခဲ့၏။

**သုံးရောင်ခြယ်အလံတော်**

ထို"လွှတ်သဘင်" အခမ်းအနား၌ ဗြိတိသျှတို့၏ "ယူနီယံဂျက်"အလံကို အလံတိုင်မှချကာ အိန္ဒိယသမ္မတနိုင်ငံတော်၏ အမှတ်သင်္ကေတ "သုံးရောင်ခြယ်အလံတော်" ကို ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် လွှင့်ထူခဲ့၏။ နိုင်ငံတော်၏ "ခွန်အား"နှင့် "ရဲစွမ်းသတ္တိ" တို့၏ အမှတ်သင်္ကေတ အဝါရောင်၊ "ဓမ္မစကြာ" အမှတ်သင်္ကေတနှင့်အတူ "ငြိမ်းချမ်းခြင်း"နှင့် "သစ္စာတရား"တို့၏ အမှတ်သင်္ကေတအဖြူရောင်၊ "တိုးတက်ဖွံ့ဖြိုးမှု"နှင့် "ကျက်သရေဆောင်မှု" အမှတ်သင်္ကေတ အစိမ်းရောင်တို့ကို အမျိုးသားအလံတော်တွင် ရှုမြင်နိုင်၏။

နှစ်ပေါင်း ၂၀၀ ကျော် ကိုလိုနီဘဝတွင် ကျင်လည်ခဲ့ရပြီးနောက် လွတ်လပ်စနိုင်ငံတော်၊ အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတော်အဖြစ် ထူထောင်နိုင်ခဲ့ပေသည်။

"အိန္ဒိယသမ္မတနိုင်ငံ ထူထောင်သည့်နေ့" (Republic Day) ဟူသည်မှာကား အိန္ဒိယနိုင်ငံ၏ "ဖွဲ့စည်းပုံအခြေခံဥပဒေ" စတင်အာဏာသက်ဝင်သောနေ့ရက်ကို အမှတ်သညာပြုသည်။ အိန္ဒိယနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှကိုလိုနီဘဝမှ လွတ်မြောက်ကာ လွတ်လပ်ရေးရရှိခဲ့သည့်တိုင် သမ္မတနိုင်ငံအဖြစ် အာဏာသက်ဝင်မှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ဝင်သည့်နေ့တွင်မှ အစပြုလေသည်။

**အစဉ်အလာမပျက်**

အိန္ဒိယနိုင်ငံသည် ၁၉၅၀ ပြည့်နှစ်မှစ၍ နှစ်စဉ် ဇန်နဝါရီ ၂၆ ရက် ကျရောက်လေတိုင်း "သမ္မတနိုင်ငံ



PHOTO CREDIT: RAJAT GUPTA/ EPA

ထူထောင်သည့်နေ့"ကို အစဉ်အလာမပျက် ကျင်းပလာခဲ့သည်။ သို့တစေ ယခုနှစ်၏ အခါကြီး၊ ရက်ကြီးနေ့ရက်တွင် တောင်သူလယ်သမားဆန္ဒပြပွဲကြီးက နိုင်ငံတော်ကို ဗလောင်ဆူစေခဲ့သည်။ အမျိုးသားရေးဂုဏ်ဒြပ်များကို ဖော်ထုတ်ပြသနေချိန်အတွင်း တောင်သူလယ်သမားများက လယ်ထွန်စက်ယာဉ်တန်းဖြင့် ခံတပ်နီကြီး၏ ပရိဝုဏ်အတွင်းသို့ အဓမ္မ ဝင်ရောက်လာခဲ့ကြလေသည်။

အိန္ဒိယနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဥပဒေသစ်သုံးရပ် ပေါ်ထွက်ခဲ့ချိန်မှစ၍ တောင်သူလယ်သမားများ၏ ဆန္ဒပြပွဲများ အတောမသတ်ဖြစ်လာခဲ့သည်။

ယခုအခါ လပေါင်းအတန်ကြာမျှ ကြာမြင့်ခဲ့ပြီဖြစ်သော ဆန္ဒပြပွဲများ၏ အထွတ်အထိပ်ရောက်မှုဖြစ်စဉ်အဖြစ် ခံတပ်နီကြီးကို ဆန္ဒပြသမားများက ခေတ္တခဏသိမ်းပိုက်ခဲ့ကြ၏။

မြို့တော်နယူးဒေလီ၏ ဆင်ခြေဖုံးအရပ်ဒေသများ၌ နိုင်ငံတစ်ဝန်းမှ စုဝေးရောက်ရှိလာခဲ့ကြသော ဆန္ဒပြသူများက နိုဝင်ဘာလမှ အစပြုကာ စခန်းချကာရှိနေခဲ့ကြ၏။ တောင်သူလယ်သမားများ၏ အမြင်အရ သူတို့နစ်နာမှုရှိစေနိုင်သော ဥပဒေသစ်များကို အာဏာသက်ဝင်စေခြင်းမရှိဘဲ ဆိုင်းငံ့ထားရန် တရားရုံးချုပ်က အမိန့်တော်မြတ်ချမှတ်ခဲ့ပြီး "အထူးကော်မတီ" ဖွဲ့စည်းစေကာ တောင်သူလယ်သမားများနှင့် အကြိမ်ကြိမ်အဖန်ဖန် အကျေအလည်ဆွေးနွေးစေခဲ့သော်လည်း "အဖြေ"မထွက်ခဲ့ချေ။

**အရှိန်အဟုန်မြင့်တင်**

"အထူးကော်မတီ"သည် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီဘက်ယိမ်းနေသည်ဟု တောင်သူလယ်သမား ခေါင်းဆောင်များကဆိုကာ ဆန္ဒပြရေးနည်းလမ်းကို ဆက်လက်ကျင့်သုံးနေကြလေသည်။ ထိုစဉ်အတွင်း တရားရုံးချုပ်ကလည်း တောင်သူလယ်သမားတို့အနေဖြင့် "ငြိမ်းချမ်းစွာ"ဆန္ဒဖော်ထုတ်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ရာ ယင်းဆန္ဒပြပွဲကြီးမှာ "ခံတပ်နီ"ကို ဝင်စီးသည်အထိ အရှိန်အဟုန်မြင့်တက်ခဲ့လေသည်။

တောင်သူလယ်သမားများအတွက် "စလုံးစခု" ဖြစ်စေသော ဥပဒေသစ်များ အာဏာသက်ဝင်ခြင်းမှ ၁၈ လကြာမျှ ဆိုင်းငံ့ပေးမည်ဟု အစိုးရအဖွဲ့က ကမ်းလှမ်းခဲ့သည့်တိုင်အောင် တောင်သူလယ်သမားသမဂ္ဂ ခေါင်းဆောင်များက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ပယ်ချခဲ့ရသည်။

တောင်သူလယ်သမားများ၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည်ဟု ဆိုသော ဥပဒေသစ်များကို အပြီးတိုင် ဖျက်သိမ်းပေးရန်ကိုသာ လုံးဝဥဿုံတောင်းဆိုလျက်ရှိကြကုန်၏။

အိန္ဒိယနိုင်ငံ၏ (၇၂) ကြိမ်မြောက် "သမ္မတနိုင်ငံထူထောင်သည့်နေ့" စစ်ရေးပြပွဲကြီးအဖြစ် "ရာဂျာပတ်" ရိပ်သာလမ်းမကြီးတစ်လျှောက် စစ်ရေးပြပွဲကြီးပြုလုပ်သည့်နေ့မှာပင် တောင်သူလယ်သမားများက ရဲတပ်ဖွဲ့၏ အတားအဆီးများကို ရှင်းလင်းဖယ်ရှားကာ "ခံတပ်နီ" တည်ရာသို့ လယ်ထွန်စက်များမောင်းနှင်၍ ဝင်ရောက်လာခဲ့ကြစဉ် အဓိကရုဏ်းမှုများဖြစ်ပွားခဲ့၏။ ဆန္ဒပြသမားတစ်ဦး လယ်ထွန်စက်တိမ်းမှောက်၍ သေဆုံးခဲ့ရပြီး ရဲတပ်ဖွဲ့ဝင်များအပါအဝင် လူ ၈၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့၏။

**လူစုခွဲ**

ဇန်နဝါရီ ၂၆ ရက် အဓိကရုဏ်းဖြစ်မှု၏ အထွတ်အထိပ်ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့် လက်ကိုင်တုတ်(နံပါတ်တုတ်)များ အသုံးပြုကာ လူစုခွဲခဲ့ရသည်။

ခံတပ်နီအတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိစေရန် ရဲတပ်ဖွဲ့က တားဆီးခဲ့သော်လည်း ဆန္ဒပြလူအုပ်ကြီးကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင်ခြင်းငှာ မစွမ်းသာခဲ့ချေ။

ဆန္ဒပြပွဲအတွင်း သမိုင်းဝင်အဆောက်အအုံ၏ ထိပ်များတွင် "ဆစ်"ဘာသာဝင်များ၏ "သာသနာ့အလံတော်"ကို စိုက်ထူခဲ့ကြ၏။ ဤသည်မှာကား သုံးရောင်ခြယ် "နိုင်ငံတော်အလံ"ကို မထီလေးစားပြုရာရောက်၏။

"ပန်ချာဘီ"တို့ နေထိုင်ရာ ပန်ဂျပ်ပြည်နယ်အပါအဝင် မြောက်ပိုင်းပြည်နယ်အများစုဖြစ်သော အရပ်ဒေသများမှ တောင်သူလယ်သမားတို့က ဆန္ဒပြပွဲများကို ဦးဆောင်ခဲ့ကြပြီး ဥပဒေသစ်များကို အပြီးတိုင် ဖျက်သိမ်းပေးချိန်အထိ ဆက်လက်ဆန္ဒပြကြဦးမည်ဆို၏။

၂၀၁၄ ခုနှစ်တွင် အာဏာရရှိလာခဲ့သော ဝန်ကြီးချုပ်မိုဒီအတွက် အကြီးကျယ်ဆုံးသော နိုင်ငံရေးအကျပ်အတည်းတစ်ရပ်ကို ဖြစ်ပေါ်စေ၏။ မိုဒီ၏အစိုးရအဖွဲ့သည် တောင်သူလယ်သမားများ၏ဘဝကို မြှင့်တင်ပေးရန် ရည်ရွယ်လျက် ဥပဒေသစ်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းခဲ့လင့်ကစား ဒေါသူပုန်ထနေသော တောင်သူလယ်သမားတို့၏ စိုးရိမ်ပူပန်စိတ်ကို ဖြေလျှော့ပေးနိုင်ခြင်း မရှိသေးချေ။

**ဥပဒေသစ်သုံးရပ်**

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် စက်တင်ဘာလက အတည်ပြုပေးခဲ့သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဥပဒေသစ်သုံးရပ်သည် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ၏ တည်ရှိဆဲ တင်းကျပ်လှသော ဥပဒေစည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးရန် ရည်ရွယ်ပေသည်။ အိန္ဒိယတောင်သူလယ်သမားများ၏ "ကုပ်သွေး"(ဝါ)ချွေးနဲ့စာကို စုပ်ယူနေကြသော "ပွဲစားများ"၏ ဖိစီးနှိပ်စက်မှုမှ လွတ်မြောက်စေမည့် ဥပဒေသစ်များအဖြစ် မိုဒီက မျှော်လင့်ချက်ကြီးစွာ ပြောဆိုခဲ့သည်။

မိုဒီအစိုးရအဖွဲ့၏ "စေတနာဗရပွ"ဆောင်ရွက်ချက်ဖြစ်လင့်ကစား "စေတနာ"မှသည် "ဝေဒနာ" ဖြစ်ခဲ့ရသော ဥပဒေပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကျွန်ုပ်စေ့ငုလေ့လာရာတွင် တွေ့မြင်ရသည်မှာကား–

(၁) လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်ရေးနှင့် ကုန်သွယ်ရောင်းဝယ်မှုမြှင့်တင်ရေး ဥပဒေ(၂၀၂၀)

(၂) လယ်ယာထွက်ကုန်ဈေးနှုန်းအာမခံခြင်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဝန်ဆောင်မှု ဥပဒေ (၂၀၂၀)

(၃) မရှိမဖြစ်ကုန်စည်ပစ္စည်းများ(ပြင်ဆင်ချက်) ဥပဒေ(၂၀၂၀)အမည်ရှိ ဥပဒေသုံးရပ်ဖြစ်၏။

ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်လျက်ရှိရာတွင် တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ပေးရန်မှာ အစိုးရအဖွဲ့၏ တာဝန်ဝတ္တရားတစ်ရပ်ဖြစ်သည်ဟု မိုဒီ၏ အစိုးရအဖွဲ့က ခံယူသည်။

သို့ဖြစ်လင့်ကစား တောင်သူလယ်သမားတို့က ဥပဒေသစ်များအပေါ် ရှုမြင်ချက်များမှာ စိုးရိမ်ပူပန်မှုများနှင့် ဒွန်တွဲလွန်ဆွဲလျက်ရှိသည်။

အစိုးရအဖွဲ့က အမြော်အမြင်ရှိရှိ အကွက်စေ့စေ့ "ပြုပြင်ပြောင်းလဲရေး" လုပ်လိုသည့်တိုင်အောင် ဥပဒေသစ်များ အပေါ်တောင်သူလယ်သမားတို့ ရှုမြင်နားလည်ပုံမှာ "ဘူးလုံးနားမထွင်း" ဖြစ်နေဆဲပင်။

ဥပဒေအသစ်များသည် အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍကြီး တစ်ရပ်လုံးတိုးတက်ဝေစည်စေမည့် အခင်းအကျင်းသစ်များကို ဖန်တီးပေးမည်ဟု အစိုးရအဖွဲ့က နားချဖျောင်းဖျစေကာမူ ယင်းဥပဒေသစ်များ အသက်ဝင်လာသည့်အခါ တောင်သူလယ်သမားတို့ အကျိုးစီးပွားရရှိမည်က မရေရာ "ဓနအင်အား" တောင့်တင်းနေသော ကုမ္ပဏီများကသာ ဓနအရင်းအနှီးဖြင့် တောင်သူလယ်သမားတို့ကို ကုပ်ခွစီးသွားလိမ့်မည်ဟု သူတို့အတွေးပေါက်ကြ၏။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍကို အောက်ခြေ သိမ်းပြောင်းလဲသွားစေမည့် ဥပဒေသစ်များ၏ မူဘောင်အခင်းအကျင်းမှာ အစဉ်အလာများကို "စည်းချိုး" ရာရောက်သည်ဟု ယူဆရပေသည်။ သို့ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို လမ်းဖွင့်ပေးသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကြောင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုဖြစ်စေမည်ဆိုသောအချက်ကို အစိုးရအဖွဲ့က ငြင်းဆိုသည်။

တောင်သူလယ်သမားများအတွက် "အဆီအငေါ်မတည့်"ဖြစ်ရသော ဥပဒေသစ်များအရ အစိုးရအဖွဲ့က "ကြမ်းခင်းဈေး" သတ်မှတ်ပေးမှုစနစ်ကွယ်ပျောက်သွားမည်ကို တောင်သူလယ်သမားများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ ဈေးကွက်အတွင်း "ရောင်းလိုအား"၊ "ဝယ်လိုအား"တို့ကို ချိန်ညှိ၍ ဝါဏိဇ္ဇဆိုင်ရာအဖွဲ့အစည်းများက ဈေးနှုန်း သတ်မှတ်သွားမည်လောဟု သူတို့စိုးထိတ်ဗျာပါဒွေကြသည်။

**စည်းရုံးနားချ**

စိုက်ပျိုးရေး၊ မွေးမြူရေးသမားများဝင်ငွေတိုးလာစေရန် ရည်ရွယ်လျက် ဥပဒေသစ်များပြဋ္ဌာန်းရသည်ဟု အစိုးရအဖွဲ့က စည်းရုံးနားချသည်။ ဥပဒေသစ်များကို လေ့လာဆန်းစစ်ကြည့်သော် ပထမအချက်အနေဖြင့် အစိုးရအဖွဲ့က စည်းမျဉ်းအရ ထိန်းချုပ်ထားသော "ဈေးကွက်များ" ဒေသအခေါ်အဝေါ် "မန်ဒီများ"ကို တောင်သူလယ်သမားတို့က ရှောင်ကွင်းနိုင်ကြမည်။ တောင်သူလယ်သမားတို့သည် သူတို့၏ "ထွက်ကုန်"များကို ပုဂ္ဂလိက "ဝယ်လက်များ" သို့ တိုက်ရိုက်ရောင်းချလာနိုင်မည်။

ဥပဒေသစ်များအရ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်၍ လုပ်ငန်းပဋိညာဉ်စာချုပ်များ (ဝါ) ကန်ထရိုက်စနစ်အရ လုပ်ငန်းလုပ်ကိုင်လာနိုင်စေရန် တောင်သူလယ်သမားတို့အား လမ်းဖွင့်ပေးလိမ့်မည်။ ကုန်စည်များမှာ စားနပ်ရိက္ခာများနှင့် ကောက်ပဲသီးနှံများကို သိုလှောင်သိမ်းဆည်းခွင့်ရှိရမည်။ ရိုးသားသော တောင်သူလယ်သမားများအတွက် စိတ်နှလုံးမသာမယာဖြစ်စေရသည်မှာကား ဥပဒေစည်းမျဉ်းသစ်များသည် ရှိရင်းစွဲ "အာမခံချက်များ" ကို ကွယ်ပျောက်စေနိုင်သည်ဆိုသော ရှုမြင်ချက်ဖြစ်၏။

"ဝယ်လက်" ကုမ္ပဏီကြီးများက တောင်သူလယ်သမားများ၏ နဖူးကချွေး မြေကျသည့်ဘဝကို စာနာထောက်ထားမှုမရှိဘဲ သူတို့တစ်ဦးတည်း အကျိုးအမြတ်ရရှိရေးကိုသာ ဦးတည်၍ လုပ်ဆောင်လာမည်လောဟု စိုးရိမ်ပူပန်ကြ၏။

ပုဂ္ဂလိကကုမ္ပဏီများနှင့် ဈေးစကားပြောရာတွင် နှစ်ဖက်မျှမျှတတမရှိဘဲ ဈေးနှိမ်ခံရမည်ကို ကြီးစွာစိုးရိမ်ကြ၏။

တောင်သူလယ်သမားများ၏ ထွက်ကုန်များ ဈေးကွက်ပိုမိုဝင်ရောက်လာနိုင်ကာ ဝင်ငွေတိုးရေး၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ထုတ်လုပ်မှု မြင့်မားတိုးတက်ရေးတို့ကို ရည်မျှော်သော ဥပဒေသစ်များသည် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုမ္ပဏီကြီးများက တောင်သူလယ်သမားတို့အပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုကို ဖြစ်စေလိမ့်မည်ဟူ၍ အတိုက်အခံပါတီများက အလွဲသွေးဆောင်စည်းရုံးနေခြင်းကြောင့် ဆန္ဒပြပွဲများ အတောမသတ်နိုင်အောင် ဖြစ်ပေါ်နေရသည်ဟု ဝန်ကြီးချုပ် မိုဒီက ပြောဆိုခဲ့သည်။

ဆန္ဒပြပွဲများ အတောမသတ်ဖြစ်ပွားနေရုံမျှဖြင့် ပကတိပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ဘဲ ဆွေးနွေးဖြေရှင်းသော နည်းလမ်းအတိုင်း မိမိဆက်လက်လျှောက်လှမ်းမည်ဟု ဝန်ကြီးချုပ် မိုဒီက ဇန်နဝါရီ ၃၀ ရက်တွင် ပြုလုပ်ခဲ့သော ပါတီပေါင်းစုံဆွေးနွေးပွဲတွင် မိန့်ကြားခဲ့၏။ ဥပဒေသစ်များကို ၁၈ လကြာမျှ ဆိုင်းငံ့ပေးထားစဉ်အတွင်း ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်သွားရန် သူက ရည်မှန်းထား၏။

ဇန်နဝါရီ ၂၂ ရက်တွင် ဒသမအကြိမ် ဆွေးနွေးပွဲပြုလုပ်ခဲ့သည့်တိုင်အောင် အဖြေမထွက်သော အခြေအနေကို ပြန်လည်သုံးသပ်ကြရင်း နိုင်ငံတော်၏ လယ်ယာကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေအောင် နိုင်ငံရေးပါတီပေါင်းစုံက အဖြေထုတ်ရန် လိုအပ်လိမ့်မည်ဟု ကျွန်ုပ်တွေးတောမိ၏။

တောင်သူလယ်သမားများကို ကုမ္ပဏီကြီးများက ခေါင်းပုံဖြတ်လိမ့်မည်ဟု ခြောက်လှန့်နေသော အတိုက်အခံများ၏စကားကို တောင်သူလယ်သမားများအနေဖြင့် ချင့်ချင့်ချိန်ချိန် ယုံကြည်သင့်ပေသည်။ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်ရေးအတွက် အစိုးရက ရည်ရွယ်ဆောင်ရွက်နေလင့်ကစား နိုင်ငံရေးအကျိုးအမြတ်ကို ငဲ့လင့်၍ အတိုက်အခံပြုလုပ်နေသရွေ့ ပြဿနာအဖြေရှာရန် ခဲယဉ်းနိုင်ပုံကို ကျွန်ုပ် တွေးတောရင်း "နှိုင်းနှိုင်းချိန်ချိန် သုခမိန်ပမာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍သာ" ဟု ကျူးရင့်မိပါသတည်း။ ။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ပညာရှင်များက ဝူဟန်မြို့ရှိ ဆေးရုံဝန်ထမ်းများအား တွေ့ဆုံ



**ဝူဟန် ဇန်နဝါရီ ၃၀**

ကိုရိုနာဗိုင်းရပ်စ်ဇာစ်မြစ်ရှာဖွေရန် တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ကျွမ်းကျင်ပညာရှင်အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား ပထမဆုံးလက်ခံသည့် ဝူဟန်မြို့ရှိ ဆေးရုံတစ်ရုံသို့ ယနေ့သွားရောက်ပြီး ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဝူဟန်မြို့ရှိ ဂျင်ယင်တန်ဆေးရုံသည် တရုတ်နိုင်ငံအလယ်ပိုင်း၌ ကိုရိုနာဗိုင်းရပ်စ်ပိုး စတင်ဖြစ်ပွားစဉ် ထိုရောဂါ အတည်ပြုလူနာများအား ပထမဆုံးလက်ခံပြီး ကုသပေးခဲ့သည့် ဆေးရုံတစ်ရုံဖြစ်သည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ပညာရှင်များသည် ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူများအား ဂုဏ်ပြုသောအခမ်းအနားသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ခိုင်မာပြီးရှင်းလင်းသော စုံစမ်းစစ်ဆေးမှု တစ်ရပ်ပြုလုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား တောင်းဆိုခဲ့ပြီးနောက် တရုတ်အစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ပညာရှင်များ၏ တရုတ်ခရီးစဉ်အတောအတွင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ရန် ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်ကို သတိပေးလိုက်သည်။

သို့သော် အဆိုပါဆေးဘက်ကျွမ်းကျင်ပညာရှင်အဖွဲ့က ဤခရီးစဉ်သည် ကမ္ဘာ့ပြည်သူ ၂သန်းကျော် သေစေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ထိခိုက်သွားသည့် ကိုဗစ်-၁၉ ရောဂါ တိရစ္ဆာန်များမှ လူသားများသို့ မည်သို့မည်ပုံ ကူးစက်ပျံ့နှံ့သွားသည်ကို သိပ္ပံနည်းကျ တိကျသေချာစွာ စစ်ဆေးနိုင်လိမ့်မည်ဟု အခိုင်အမာပြောကြားသည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ပညာရှင်အဖွဲ့သည် ဝူဟန်မြို့ရှိ ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက်ဖြစ်ပွားသည်ဟု ယူဆရသော ဟွာနန်စျေးနှင့် ရောဂါဗေဒဆိုင်ရာဆေးတက္ကသိုလ်နှင့် အခြားဓာတ်ခွဲခန်းများကိုလည်း သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီ



ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီတာဆီဂျာတို

# ဟန်ဂေရီနိုင်ငံက တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်ကာကွယ်ဆေး ဝယ်ယူ

**ဘူဒါပက်စ် ဇန်နဝါရီ ၃၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရန် ဟန်ဂေရီအစိုးရနှင့် တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီ Sinopharm တို့ ယမန်နေ့က သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။

လူဦးရေ ကိုးသန်းကျော်ရှိသည့် ဟန်ဂေရီနိုင်ငံသည် ပြည်သူ ၂ ဒသမ ၅ သန်းအတွက် Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ငါးသန်းဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီတာဆီဂျာတိုက ပြောကြားခဲ့သည်။

Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေးကို လေးကြိမ်ခွဲပြီး ပေးပို့ရန် ဟန်ဂေရီအစိုးရနှင့် Sinopharm ကုမ္ပဏီတို့ သဘောတူခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးဝယ်ယူမှု စာချုပ်သည် နိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို များစွာထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် လျင်မြန်စွာ စတင်နိုင်မှသာလျှင် ပြည်သူများ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပြီး ချမှတ်ထားသည့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို အမြန်ဆုံး ရုပ်သိမ်းနိုင်မည်ဖြစ်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီတာဆီဂျာတိုက ဆိုသည်။

ဟန်ဂေရီ ကျန်းမာရေးအာဏာပိုင်များက တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်းသုံးစွဲရန် ယမန်နေ့က အတည်ပြုခဲ့သည်။ အလားတူ ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ကာကွယ်ဆေးအပြင် Pfizer နှင့် AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုလည်း နိုင်ငံအတွင်း သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဒီဇင်ဘာလအတွင်းက စတင်ခဲ့ရာ ယခုအချိန်အထိ ပြည်သူ ၁၄၀၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# အမေရိကန်နိုင်ငံရှိ အများပြည်သူဆိုင်ရာ နေရာများတွင် နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ထုတ်

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

ဖေဖော်ဝါရီ ၁ ရက်မှစတင်ပြီး အမေရိကန်နိုင်ငံရှိ အများပြည်သူဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်များတွင် လိုက်ပါစီးနင်းသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် နှာခေါင်းစည်းများတပ်ဆင်ပြီး စီးနင်းရန် အမေရိကန် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက အမိန့်တစ်ရပ်ကို ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါအမိန့်သည် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ပြီး အာဏာသက်ရောက်မည်ဖြစ်ပြီး အဆိုပါအမိန့်အရ လေယာဉ်များ၊ သင်္ဘောများ၊ ရထားများ၊ မြေအောက်ရထားများ၊ ဘတ်စ်ကားများနှင့် တက္ကစီအငှားယာဉ်များတွင် လိုက်ပါစီးနင်းကြမည့် ခရီးသည်များအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်ရန်လိုအပ်ပြီး အများပြည်သူနှင့်သက်ဆိုင်သော သယ်ယူပို့ဆောင်ရေးနေရာများဖြစ်သည့် လေဆိပ်များ၊ ဘတ်စ်ကားဂိတ်များနှင့် ရထားဘူတာရုံများတွင်လည်း ပြည်သူများအနေဖြင့် နှာခေါင်းစည်း တပ်ဆင်ရန် ညွှန်ကြားခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်က အဆိုပါညွှန်ကြားချက်များကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် ကြပ်မတ်သွားရန် သက်ဆိုင်ရာအစိုးရဌာနများအား ဇန်နဝါရီ ၂၁ ရက်က ညွှန်ကြားခဲ့သည်။

"အခုလိုအများပြည်သူနဲ့သက်ဆိုင်တဲ့ သယ်ယူပို့ဆောင်ရေးယာဉ်တွေပေါ်မှာ နှာခေါင်းစည်းတပ်ဆင်ရန်ညွှန်ကြားချက်ဟာ အမေရိကန်နိုင်ငံသားတွေကို ရောဂါမဖြစ်အောင်ကာကွယ်တာဖြစ်ပြီး ကပ်ရောဂါဖြစ်ပွားနေစဉ်အချိန်အတွင်း ပြည်သူများအတွက် လုံခြုံစိတ်ချစွာခရီးသွားနိုင်အောင် ဆောင်ရွက်တာဖြစ်ပါတယ်" ဟု အဆိုပါ အမိန့်တွင် ဖော်ပြသည်။

အနာဂတ်ကာလ၌ ပြေးဆွဲမည့်လေယာဉ်ခရီးစဉ်များတွင် နှာခေါင်းစည်းမတပ်ဆင်သော ခရီးသည်များအား စီးနင်းခွင့်မပြုသော မူဝါဒကို ချမှတ်သွားမည်ဟု အမေရိကန်လေကြောင်းအုပ်စုက သမ္မတဂျိုးဘိုင်ဒင်အား ယခုလအတွင်း တင်ပြခဲ့သည်။ အဆိုပါအမိန့်အရ ခရီးသွားလာမည့် ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာဆရာဝန်များ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။ လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများအနေဖြင့် အဆိုပါသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်သူများအား ခရီးသွားလာခွင့်ကို ပိတ်ပင်သွားမည်ဖြစ်သည်။

ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-စိုးသူရ






# ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုရပ်တန့်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများနှင့်ထိစပ်နေသည့် နယ်စပ်များ ပြင်သစ်ပိတ်ထားမည်

**ပါရီ ဇန်နဝါရီ ၃၀**

ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအား ရပ်တန့်စေရန် ပြင်သစ်နိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများနှင့် ထိစပ်နေသောနယ်စပ်များ ပိတ်ထားမည်ဟု ပြင်သစ်အစိုးရက ယနေ့ ပြောကြားသည်။

ပြင်သစ်နိုင်ငံတွင်းသို့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများပြင်ပမှ ဝင်ရောက်လာမည့်သူများအား ယနေ့မှစ၍ နိုင်ငံတွင်းဝင်ရောက်မှုကို မလွဲမသွေလိုအပ်သည့် ကိစ္စများမှအပ တားမြစ်သွားမည်ဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် ဂျင်မ်ကားစတက်စ်က ယမန်နေ့တွင် ပြောကြားသည်။

ပြင်သစ်နိုင်ငံတွင် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကပင် ညမထွက်ရအမိန့်ကို အချိန်နှစ်နာရီစွေ့ကာ ညနေ ၆ နာရီအထိ တိုးမြှင့်သတ်မှတ်ထားသည်။

ပြင်သစ်နိုင်ငံအတွင်း၌ နေ့စဉ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ဖြစ်ပွားမှုနှုန်းမှာ ၂၀၀၀၀ ဝန်းကျင် မြင့်မားနေဆဲဖြစ်သည်။ ရောဂါပိုးကူးစက်ခံရသူ ဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ကူးစက်နှုန်းမြန်သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူများဟု ယုံကြည်ရသည်။

စားနပ်ရိက္ခာ ကိုင်တွယ်ရောင်းချခြင်းမပြုသည့် စျေးဝယ်ဌာနကြီးများအား လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းထားရမည်ဖြစ်ပြီး ညမထွက်ရအမိန့်ချိုးဖောက်သူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းမည်ဟု ပြင်သစ်ဝန်ကြီးချုပ်က ပြောကြားသည်။

ယင်းသို့သော လုပ်ဆောင်မှုများသည် ပြင်သစ်နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ပိုမိုတင်းကျပ်သည့် ကန့်သတ်မှုများကို ရှောင်ရှားရန် ပြင်သစ်အစိုးရ၏ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

# ဗီယက်နမ်နိုင်ငံက AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးစွဲရန် အတည်ပြု

**ဟနွိုင်း ဇန်နဝါရီ ၃၀**

ဗီယက်နမ်နိုင်ငံက AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမဆုံးအကြိမ် သုံးစွဲခွင့်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုက နိုင်ငံအတွင်း အသုံးပြုရန် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးရရှိရန် လိုအပ်ကြောင်း ယမန်နေ့က ပြောကြားခဲ့ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနက AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးကို သုံးစွဲရန် ယနေ့ အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အစိုးရအနေဖြင့်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် AstraZeneca ကာကွယ်ဆေး ထုတ်လုပ်ရေးကုမ္ပဏီနှင့် ဆွေးနွေးပြီးဖြစ်ပြီး ယခုနှစ်အတွင်း AstraZeneca ကာကွယ်ဆေး အရေအတွက် သန်း ၃၀ ရရှိမည် ဖြစ်သည်။ ထို့ပြင် Pfizer၊ Sputnik V နှင့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံဝယ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးဖြန့်ဖြူးရေး အစီအစဉ် COVAX အရ ဗီယက်နမ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၆ ရာခိုင်နှုန်းရရှိမည်ဖြစ်သည်။

လူဦးရေ ၉၈ သန်းရှိသည့် ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကို နိုင်နင်းစွာ ကိုင်တွယ်ထိန်းချုပ်ထားနိုင်ခဲ့သော်လည်း ဇန်နဝါရီ ၂၈ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၀ ထပ်မံတွေ့ရှိခဲ့သည်။

အဆိုပါကူးစက်မှုအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါ နိုင်ငံအတွင်း စတင်ကူးစက်ပျံ့နှံ့ခဲ့သည့်အချိန်မှစပြီး အလျင်အမြန်ဆုံးသော ကူးစက်မှုဖြစ်သည်။ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၆၇ ဦးရှိပြီး ယင်းတို့အနက် ၈၇၃ ဦးသည် ဒေသတွင်းကူးစက်မှုဖြစ်သည်။

ကျွန်တော်တို့မှာ ကိုဗစ်-၁၉ ရောဂါကို ကောင်းမွန်စွာ ကိုင်တွယ်ထိန်းချုပ်နိုင်တဲ့ အတွေ့အကြုံတွေရှိပါတယ်။ အခုကူးစက်မှုတွေကိုလည်း ကောင်းမွန်စွာကိုင်တွယ်သွားမှာပါဟု ကျန်းမာရေးဒုတိယဝန်ကြီး ငုယင်ထရောင်းဆန်က ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် နှစ်သစ်ကူးအားလပ်ရက်(ဖေဖော်ဝါရီ ၆ ရက်) မတိုင်မီ ရောဂါကူးစက်မှုများကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - အောင်ကျော်ကျော်**





# အာဖရိကနိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်ခြင်းသည် ဗီဇပြောင်းဗိုင်းရပ်စ်နှင့် ဆက်နွှယ်မှုရှိဟုဆို

**အဒစ်အဘာဘာ ဇန်နဝါရီ ၃၀**

အာဖရိကနိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းဖြစ်ပွားရခြင်းသည် ကူးစက်မှုပိုမိုမြန်ဆန်သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုနှင့် ဆက်နွှယ်မှုရှိနေကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများအနက် နိုင်ငံပေါင်း ၄၀ တွင် ဇန်နဝါရီ ၂၇ ရက်ကစပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ပိုမိုမြင့်တက်လာခဲ့သည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် မြင့်တက်လာခြင်းသည် ဗီဇပြောင်း ဗိုင်းရပ်စ်တွေ့ရှိမှုနှင့် ဆက်နွှယ်မှုရှိနေကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်အပြင် ဗီဇပြောင်းဗိုင်းရပ်စ်သုံးမျိုးကို ဗြိတိန်၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့တွင် အသီးသီးတွေ့ရှိခဲ့ပြီး ယင်း ဗီဇပြောင်း ဗိုင်းရပ်စ်သုံးမျိုးမှာ ယခင် ကိုရိုနာဗိုင်းရပ်စ်ထက် ကူးစက်မှု ပိုမိုမြန်ဆန်လျက်ရှိကြောင်း အဆိုပါစင်တာ၏ တွေ့ရှိချက်များအရ သိရသည်။

ထို့ပြင် တောင်အာဖရိကတွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် ဂါနာ၊ ဘောက်စ်ဝမ်နာနှင့် ဇမ်ဘီယာနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၂ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရသည်။

အာဖရိကနိုင်ငံများအတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကိုင်တွယ်ထိန်းချုပ်ရန် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများ၌ လက်ရှိအချိန် အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၅၃၄၃၆၀ ဦးရှိပြီး အဆိုပါ ရောဂါကြောင့်သေဆုံးသူ ၈၉၈၃၉ ဦးရှိသည်။ အာဖရိကနိုင်ငံများအနက် ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် အများဆုံး နိုင်ငံမှာ တောင်အာဖရိကနိုင်ငံဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# သြစတြေးလျနိုင်ငံ မြို့တော်ကင်ဘာရာ၏ ဆင်ခြေဖုံးဒေသရှိ စွန့်ပစ်ရေများတွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိ

**ကင်ဘာရာ ဇန်နဝါရီ ၃၀**

သြစတြေးလျနိုင်ငံမြို့တော်ကင်ဘာရာ၏ ဆင်ခြေဖုံးဒေသရှိ စွန့်ပစ်ရေများတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုး တွေ့ရှိခဲ့ရကြောင်း ဒေသခံကျန်းမာရေး တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

သြစတြေးလျဒေသန္တရအစိုးရပိုင် ဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ ဘယ်လ်ကောနင်း စွန့်ပစ်ရေစစ်ဆေးရေးစခန်းမှ ကိုရိုနာဗိုင်းရပ်စ်ပါဝင်သော စွန့်ပစ်ရေများကို ဇန်နဝါရီ ၂၇ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့သည်ဟု သိရသည်။ ယခုကဲ့သို့ စွန့်ပစ်ရေများအတွင်း ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခြင်းကြောင့် ဒေသခံများ၏ ကျန်းမာရေးအခြေအနေများကို သတိထားစောင့်ကြည့်နေသည်ဟု ၎င်းနယ်မြေ၏ ကျန်းမာရေးဆိုင်ရာအရာရှိချုပ် ဗင်နက်ဆာ ဂျွန်စတန်က ပြောသည်။

ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက မဖော်ထုတ်နိုင်သေးသော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများရှိနိုင်သဖြင့် သတိဖြင့်နေထိုင်ကြရန် ဒေသခံများအား ညွှန်ကြားထားသည်။

ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ၏ ရှေ့ပြေးလက္ခဏာခံစားရသူ မည်သူမဆို ကျန်းမာရေး စစ်ဆေးရန် တာဝန်ရှိသူများကပြောကြားသည်။ သြစတြေးလျ မြို့တော်နယ်မြေရှိ ဘယ်လ်ကောနင်းဒေသသို့ သွားရောက်အလုပ်လုပ်ကိုင်သူ(သို့မဟုတ်)အဆိုပါဒေသသို့ သွားရောက် လည်ပတ်ခဲ့သူ မည်သူမဆို ကိုဗစ်-၁၉ ရောဂါ၏ ရှေ့ပြေးလက္ခဏာများခံစားရပါက သီးခြား စောင့်ကြည့်မှုခံယူခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဟု ဂျွန်စတန်က ပြောသည်။ သြစတြေးလျမြို့တော်ကင်ဘာရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**





# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်သိန်းနှစ်သောင်းကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၃၀**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေအသစ် ၁၁၁၉ ဦးရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ယင်းရောဂါဖြင့် သေဆုံးသူဦးရေပေါင်းမှာ ၂၂၆၆၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၂၉ ရက်တွင် ဘရာဇီးနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအသစ် ၅၉၈၂၆ ဦးကို စစ်ဆေးအတည်ပြုနိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ဦးရေမှာ ၉၁၁၈၅၁၃ ဦးဖြစ်ကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေမှာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယအများဆုံးဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ မြောက်ဘက်ပိုင်းရှိ အမေဇုန်နာစ်ပြည်နယ်၌ မျိုးဗီဇကွဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထပ်မံတွေ့ရှိရခြင်းကြောင့် နိုင်ငံအတွင်းရှိ အခြားသောဒေသများသို့ ယင်းမျိုးဗီဇကွဲ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်များ ကူးစက်ပျံ့နှံ့လာမည်ကို ကျွမ်းကျင်သူများက စိုးရိမ်မှုများ ဖြစ်ပေါ်နေသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၀၂၇၂၂၆၁၀ ဦး

သေဆုံးသူ
၂၂၁၈၃၆၀ ဦး

ပြန်လည်ကျန်းမာလာသူ
၇၄၄၃၆၀၀၇ ဦး

# ပုံမှန်စီးပွားရေးတွေ ပြန်လည်ပတ်လာစေရေး၊ စာသင်ကျောင်းတွေ ပြန်ဖွင့်နိုင်ရေး၊ ဈေးတွေပြန်ဖွင့်နိုင်ရေး စသည်အားဖြင့် ဒါဆိုရင် New Normal နဲ့ သွားမှာရမယ်။

**ဒေါက်တာထွန်းမြင့်**

တွေ့ဆုံမေးမြန်း
သီသီမင်း၊ မင်းသစ်(MNA)
ဓာတ်ပုံ-ဥဂ္ဂါဖြိုး

ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်ကို အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တစ်ဦးကိုတစ်ဦး အချင်းချင်းအသိပေး၊ သတိပေးခြင်း မိသားစုစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး။** ။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဖို့ တစ်ဦးကိုတစ်ဦး အချင်းချင်းအသိပေး၊ သတိပေးခြင်း မိသားစုစီမံချက် ဆောင်ရွက်သွားမယ့် အခြေအနေကို သိချင်ပါတယ်။

**ဖြေ။** ။ ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန တစ်ခုတည်းရဲ့တာဝန်လို့ မယူဆစေလိုပါဘူး။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ကိုယ်ပိုင်အရေးလိုပဲ တာဝန်တစ်ရပ်လို့ ယူဆပြီး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှပဲ ကိုဗစ်-၁၉ ကပ်ရောဂါကို အမြန်ဆုံး ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနတွေ အားလုံးရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ အားလုံးရော၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေရော၊ လူမှုရေးအဖွဲ့တွေရော၊ ကုမ္ပဏီတွေရော၊ ပရဟိတအဖွဲ့တွေရော ဒါတွေမှာရှိတဲ့ ဝန်ထမ်းမိသားစုတွေအားလုံးက တက်တက်ကြွကြွနဲ့ ကိုယ့်အရေးလိုပဲ သဘောထားပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုပူးပေါင်းပါဝင်ပြီးတော့ တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစုစီမံချက်ကို အမျိုးသားအဆင့် ကျန်းမာရေးလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကို တင်ပြခဲ့ပါတယ်။ ဒီလိုတင်ပြတဲ့အခါ ဆောင်ရွက်ဖို့ ဝန်ကြီးဌာနကို ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ခွင့်ပြုခဲ့တဲ့အတွက်ကြောင့်မို့လို့ တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစုစီမံချက် ဖြစ်ပေါ်လာတာပါ။ ဒီဟာကို အမူအကျင့်အနေနဲ့ ပြောင်းလဲသွားဖို့ အမျိုးသားအဆင့် ကျန်းမာရေးလှုပ်ရှားမှုအသွင်နဲ့ အနည်းဆုံး နှစ်လလောက် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ညွှန်ကြားထားပါတယ်။ ဒါကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတွေနဲ့ ကြပ်မတ်ဆောင်ရွက်သွားဖို့ ဖြစ်လာတာပါ။ ကနဦးတင်ပြရရင် တစ်ဦးကိုတစ်ဦး အသိပေးခြင်း၊ သတိပေးခြင်း မိသားစုစီမံချက်ပါ။ ဒါကို ဆောင်ရွက်ဖို့အတွက်လည်း ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနက ကျွန်တော်တို့ကို ဇန်နဝါရီ ၁၄ ရက်က အကြောင်းကြားလာတာဖြစ်ပါတယ်။

**မေး။** ။ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်ကို ဘယ်လိုရည်ရွယ်ပြီး ဆောင်ရွက်တာလဲဆိုတာ သိချင်ပါတယ်။

**ဖြေ။** ။ မိသားစုအဆင့်ကနေ အစပြုပြီးတော့ မိတ်ဆွေသူငယ်ချင်းတွေ၊ ဆွေမျိုးတွေ၊ အိမ်နီးနားချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ အချင်းချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပေး၊သတိပေးပြောကြားခြင်းဖြင့် အဖွဲ့အစည်းတွေ၊ ဌာနတွေ၊ လူ့ပတ်ဝန်းကျင် ဒီဟာတွေကို ရောဂါကာကွယ်ရေး အမူအကျင့်ကောင်းတွေ အဆင့်ဆင့် ပျံ့နှံ့ရောက်ရှိပြီးတော့ အဲဒီကနေတစ်ဆင့် တစ်နိုင်ငံလုံး ပျံ့နှံ့လွှမ်းခြုံပြီး ပြည်သူလူထုကလည်း အမူအကျင့်ပြောင်းလဲလာမှုတို့နဲ့အတူ ကိုဗစ်-၁၉ ရောဂါကို အမြန်ဆုံး ကာကွယ်ထိန်းချုပ်နိုင်ဖို့ဆိုပြီးတော့ ရည်ရွယ်ပြီး ဒီစီမံချက်ကို ဆောင်ရွက်တာ ဖြစ်ပါတယ်။

**မေး။** ။ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်ကို ဘယ်လိုပုံစံနဲ့ ဆောင်ရွက်မှာလဲဆိုတာ သိချင်ပါတယ်။

**ဖြေ။** ။ ပြည်ထောင်စုဝန်ကြီးရုံးတွေ၊ ဌာနအဆင့်အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက လုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ စက်ရုံ၊အလုပ်ရုံ အကုန်ပါပဲ။ အဲဒါတွေမှာရှိတဲ့ ဝန်ထမ်းတွေက ကိုယ့်မိသားစုဝင်တွေ၊ မိတ်ဆွေ၊ သူငယ်ချင်းတွေ၊ ဆွေမျိုးတွေ၊ အိမ်နီးနားချင်းတွေ ဒါတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လူမှုကွန်ရက်စာမျက်နှာနဲ့ အင်တာနက်စာမျက်နှာတွေမှာ ဖော်ပြထားတဲ့ အသိပေး၊သတိပေး ပြောကြားရမယ့် အချက် ရှစ်ချက်ရှိပါတယ်။ ဒီ ရှစ်ချက်ကို မျှဝေပြောကြားရမှာ ဖြစ်ပါတယ်။ ဒီလို အစုတွေက အဖွဲ့အစည်းတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်မယ်ဆိုရင် အဲဒီအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေကို ဖော်ပြတဲ့အချက် ရှစ်ချက်ကို အသိပေးခြင်း၊ လိုက်နာမှုမရှိဘူးဆိုရင် ဒါတွေကို အသိပေးခြင်း ဆောင်ရွက်တာအပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လူမှုကွန်ရက်စာမျက်နှာနဲ့ အင်တာနက်စာမျက်နှာတွေကို မပြတ်ကြည့်ရှုလေ့လာစေဖို့ သတိပေးခြင်းကို ပြည်သူလူထုတစ်ဦးဟာ သူရဲ့တာဝန်တစ်ရပ်အနေနဲ့ကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါက ကိုယ်ဖြစ်ကိုယ်ခံ ရောဂါမဟုတ်ဘူး။ ကိုယ်ဖြစ်လို့ရှိရင်လည်း ကိုယ့်ရဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကို ကူးစက်နိုင်တယ်ဆိုတဲ့အချက်ကို ပြည်သူတွေအားလုံး၊ မိသားစုဝင်တွေအားလုံး သိရှိနားလည်ပြီးတော့ ကောင်းမွန်တဲ့ခံယူချက်တွေနဲ့ တစ်ဦးကနေအများ ရောဂါကူးစက်ခံရမှု မရှိစေရေးက အလွန်အရေးကြီးပါတယ်။ ဒီနေရာမှာ အချင်းချင်း အသိပေး၊ သတိပေးပြောကြားရမယ့် အချက်တွေကို ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။ ပြီးရင်လည်း မျှဝေရမှာ ဖြစ်ပါတယ်။ ဒီလို ကိုယ်တိုင်လိုက်နာခြင်း၊ မျှဝေခြင်းတွေကို အမျိုးသားရေးအသွင်နဲ့ အင်တိုက်အားတိုက် ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုသာ ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါကို အမြန်ဆုံး ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

**မေး။** ။ တစ်ဦးကိုတစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်း မိသားစုစီမံချက်မှာ အသိပေး၊ သတိပေး ပြောကြားရမယ့် အချက် ရှစ်ချက်ကိုလည်း ရှင်းပြပေးပါ။

**ဖြေ။** ။ (၁) ကိုဗစ်-၁၉ရောဂါက ပိုးရှိ မရှိ အမြင်နဲ့ မသိနိုင်ပါဘူး။ ဒီအချက်ကို အသိပေးရမှာ ဖြစ်ပါတယ်။ ရောဂါပိုးတွေ့တဲ့သူတွေရဲ့ ၆၃




ရာခိုင်နှုန်းလောက်က ရောဂါလက္ခဏာ မပြပါဘူး။ သာမန်အတိုင်း နေထိုင်လို့ကောင်းတယ်။ ကျန်းကျန်းမာမာပါပဲ။ ကြည့်လိုက်ရုံနဲ့တင် အမြင်အားဖြင့် ရောဂါပိုးရှိတယ်လို့ မသိနိုင်ပါဘူး။ မသိနိုင်တဲ့အတွက်ကြောင့် ပိုပြီးအရေးကြီးပါတယ်။ ရောဂါရှိတဲ့ သူတွေကလည်း ကိုယ့်ထံမှာ ရောဂါရှိနေပေမယ့်လည်း မသိနိုင်ပါဘူး။ ဒီလိုမသိ နိုင်ပါဘူးဆိုတာကို ပြည်သူလူထုကို အသိပေးတာ ဖြစ်ပါတယ်။ ရောဂါပိုးရှိတယ် ဆိုတာ အမြင်နဲ့ မသိနိုင်ပါဘူးဆိုတာ အသိပေးရမှာ ဖြစ်ပါတယ်။

**ပျံ့နှံ့ရောက်ရှိနိုင်**

(၂)ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပုံကို ပြည်သူလူထုကို အသိပေးရမှာ ဖြစ်ပါတယ်။ ဘယ်လို ကူးစက်သလဲဆိုတော့ ကိုရိုနာဗိုင်းရပ်စ်ပိုးပါတဲ့ အစက်အမှုန်လေးတွေက အသက်ရှူထုတ်ခြင်းကနေတစ်ဆင့် ငါးပေလောက်အထိ ရောက်နိုင်ပါတယ်။ နောက်တစ်ခါ စကားကျယ်ကျယ်လောင်လောင် ပြောမယ်။ သီချင်းဆိုမယ်ဆိုရင်တော့ ပိုပြီးတော့ကို ကွာဝေးတဲ့ အကွာအဝေးအထိ ရောက်နိုင်တယ်။ ချောင်းဆိုးမယ်ဆိုရင် အဲဒီကနေတစ်ဆင့် တစ်စက္ကန့်ကို ၃၃ ပေနှုန်းနဲ့ ခြောက်ပေခွဲလောက်အထိ၊ နှာချေလိုက်မယ်ဆိုရင် တစ်စက္ကန့်ကို ၁၆၄ ပေနှုန်းနဲ့ ၁၉ ပေခွဲခန့်အထိ ပျံ့နှံ့ရောက်ရှိနိုင်ပါတယ်။ အဲဒီလိုရောက်နိုင်တဲ့ အခြေအနေမှာ အလွန်ဂရုစိုက်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ခါ ဘယ်လိုအခြေအနေမှာ အထူးသတိထားရမလဲဆိုတော့ အလုံပိတ်အခန်းတွေ၊ အဲကွန်းအခန်းတွေ၊ လေဝင်၊ လေထွက်မကောင်းတဲ့အခန်းတွေမှာ ရောဂါပိုးကပိုပြီး လွယ်လွယ်ကူကူ ကူးစက်ပျံ့နှံ့နိုင်ပါတယ်။ နောက်ပြီး ဗိုင်းရပ်စ်ပိုးပါတဲ့ အစက်အမှုန်တွေက ရောဂါပိုးရှိသူရဲ့ လက်မှာလည်း ကပ်နေနိုင်ပါတယ်။ အသက်ရှူလမ်းကြောင်းကထွက်ရင်လည်း အဲဒီကနေတစ်ဆင့် အနီးပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထုတွေ၊ အများသုံးပစ္စည်းတွေပေါ်မှာ ကပ်တင်ကျန်ရှိနေပြီးတော့ အဲဒီအရာဝတ္ထုတွေကို ကိုင်တွယ်မိသူတွေ တခြားသူတွေရဲ့လက်မှာ ဆက်လက်ကပ်ညိနေမယ်ဆိုရင် စနစ်တကျ လက်မဆေးဘဲ နှာခေါင်းတို့၊ ပါးစပ်တို့ မျက်လုံးတို့ ကိုင်တွယ်မိမယ်ဆိုရင် ရောဂါပိုးကူးစက်နိုင်ပါတယ်။ ဒါကိုအသိပေးရမှာ ဖြစ်ပါတယ်။

(၃)ကိုဗစ်-၁၉ရောဂါ အလွယ်တကူ ကူးစက်နိုင်တဲ့ အခြေအနေကို အသိပေးရမယ်။ နှာခေါင်းစည်းမတပ်ဘဲ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအတွင်း နီးကပ်စွာ ပြောဆိုဆက်ဆံခြင်း၊ ဝိုင်းဖွဲ့စကားပြောတာ၊ အတူစုဝေး စားသောက်တာ၊ မျက်နှာချင်းဆိုင် စားသောက်တာ၊ အလုံပိတ်အခန်းထဲ၊ လေဝင်၊ လေထွက် မကောင်းတဲ့အခန်းထဲ တခြားသူတွေနဲ့ နေထိုင်လုပ်ကိုင်တာတွေ၊ လူစုလူဝေး ရှိတဲ့ နေရာကို သွားရောက်တာတွေ ဒါတွေက ကိုဗစ်-၁၉ ရောဂါ အလွယ်တကူ ကူးစက်နိုင်ပါတယ်။

(၄) ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာ ခံစားရနိုင်သူတွေ ဒါတွေကို အသိပေးထားတာပါ။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူတွေရဲ့ ၉၂ ရာခိုင်နှုန်းခန့်မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာစတဲ့ နာတာရှည်ရောဂါ အခံရှိတဲ့သူတွေ ဖြစ်တာကို တွေ့ရပါတယ်။ အဲဒီသူတွေက ကူးစက်ခံရခြင်းကြောင့် သေဆုံးသူတွေအနက် သေဆုံးပြီးမှ ဆေးရုံရောက်လာတဲ့သူက ၁၀ ရာခိုင်နှုန်းရှိတယ်။ ဆေးရုံကိုရောက်ပြီး ၂၄ နာရီအတွင်း သေဆုံးသူက ၂၁ ရာခိုင်နှုန်းရှိတယ်။ သေဆုံးသူတွေရဲ့ ၃၁ ရာခိုင်နှုန်းက ဆေးရုံကို အချိန်မီ မရောက်တဲ့အတွက် သေဆုံးတာကို တွေ့ရတယ်။ အသက်ကြီးသူတွေနဲ့ ရောဂါအခံရှိသူတွေ အိမ်ပြင်ကိုတော့ လုံးဝ မထွက်ဘူး။ ဒါပေမယ့် အပြင်ထွက်နေတဲ့ အတူနေမိသားစုတွေကနေတစ်ဆင့် သူ့ဆီကို ရောဂါကူးစက်ခံရနိုင်တယ်။ အဲဒီလိုနဲ့ပဲ ရောဂါဖြစ်ပွားမှုတွေ တွေ့နေရပါတယ်။ အသက်ကြီးတဲ့သူတွေနဲ့ ရောဂါအခံရှိတဲ့သူတွေအနေနဲ့ အပြင်အထွက်များတဲ့ အိမ်သားတွေနဲ့ အနီးကပ် မနေသင့်ပါဘူး။ ဒါကို အသိပေးရမယ်။

(၅) ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တချို့ဟာ အသက်ရှူရအလွန်ခက်ခဲပါတယ်။ ခက်ခဲတဲ့အတွက် အထူးကြပ်မတ်ကုသဆောင်ထဲမှာ ကုသမှုအမျိုးမျိုး ပေးရပါတယ်။ အောက်ဆီဂျင်ပေးတာတွေ၊ ပိုက်ထည့်ပြီးတော့ အသက်ရှူကူတဲ့စက် တပ်ရတာတွေ၊ သွေးရည်ကြည်ကုထုံး စတာတွေနဲ့ ကုသရတာတွေ ရှိပါတယ်။ ရောဂါပြင်းပြင်းထန်ထန် ခံစားရရင်လည်း အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်တယ်။ ဒီလိုရောဂါ ပြင်းပြင်းထန်ထန် ခံစားရနိုင်တယ်ဆိုတာ ပြည်သူလူထုကို အသိပေးထားဖို့ လိုပါတယ်။

(၆)ကိုဗစ်-၁၉ ရောဂါရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေပေါ့။ ဆိုးကျိုးတွေဆိုရင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတွေထဲကနေ တချို့ ရောဂါက ပြန်လည်သက်သာပြီး ကောင်းမွန်လာတယ်။ ကောင်းလာတယ် ဆိုပေမယ့်လည်း ရေရှည်ဆိုးကျိုးအနေနဲ့က နှလုံး၊ အဆုတ်၊ ဦးနှောက်၊ အာရုံကြော၊ သွေးကြောတွေမှာ သွေးခဲတာတွေ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရတာတွေ အလွန်အမင်းမောပန်းတာတွေ၊ ချောင်းဆိုးတာတွေ၊ နာတာရှည်ကျန်းမာရေး ပြဿနာတွေကို ခံစားနေရတယ်ဆိုတာ နောက်ဆက်တွဲ ဆိုးကျိုးအနေနဲ့ တွေ့ရတယ်။ ဒါကိုလည်း အသိပေးရမယ်။

(၇)ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်နိုင်ဖို့အတွက် ကာကွယ်ရေး နည်းလမ်းတွေကို အသိပေးရမယ်။ တတ်နိုင်သမျှ အိမ်မှာနေကြပါ။ အပြင်ထွက်ရင် နှာခေါင်းစည်းတပ်ကြပါ။ လူအများနဲ့ ထိတွေ့ဆက်ဆံရတဲ့သူတွေအနေနဲ့ မျက်နှာအကာကိုပါ တွဲဖက်ပြီးတော့ အသုံးပြုဖို့လိုပါတယ်။ နှာခေါင်းစည်းနဲ့ မျက်နှာအကာမတပ်တဲ့ ဈေးရောင်းသူတွေဆီကနေ ဈေးလုံးဝမဝယ်ပါနဲ့ဆိုပြီး အသိပေးမယ်။ ဈေးမသွားခင် ဈေးဝယ်မယ့်စာရင်းကို အိမ်မှာရေးပြီး စာရင်းလေးနဲ့ ဈေးကိုသွား။ ဈေးသွားတဲ့ အချိန်မှာလည်း နှာခေါင်းစည်းတပ်ထားမယ်။ ဈေးမြန်မြန်ဝယ်ပြီး ပြန်မယ်။ ဒါတွေ လုပ်ဆောင်ဖို့လိုပါတယ်။ ဒီကာကွယ်ရေးနည်းလမ်းတွေက လိုက်နာရမှာပါ။ ဈေးထဲရောက်ရင်လည်း တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေအကွာ ခပ်ခွာခွာနေကြဖို့ လိုပါတယ်။ ဈေးထဲသွားပြီး လူစုလူဝေး မဖြစ်သင့်ဘူး။ ဒါကိုတော့ ဘယ်နေရာသွားသွား ရှောင်ကြရမှာ ဖြစ်ပါတယ်။ လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ ကြာအောင် ဆေးကြောတာ ဒါတွေဟာ ကာကွယ်ရေးနည်းလမ်းတွေပါပဲ။ ဒါတွေကို အသိပေးသွားမယ်။

အကယ်၍ ဖျားတာ၊ ချောင်းဆိုးတာ၊ အသက်ရှူရခက်တာ၊ ရုတ်တရုတ် အနံ့အရသာ ပျောက်တယ်။ ဒီလို သံသယလက္ခဏာတွေ ခံစားရမယ်ဆိုရင် ချက်ချင်း နီးစပ်ရာဆေးရုံ သွားရောက်ဖို့လိုပါတယ်။ ပြည်သူလူထုအနေနဲ့ကတော့ မိသားစုဝင်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်း တစ်ဦးနဲ့တစ်ဦး အသိပေးပါ။ သတိပေးပါ။

(၈)ကာကွယ်ရေးနည်းလမ်းတွေကို လူတိုင်း၊ မိသားစုတိုင်း ပါဝင်ဆောင်ရွက်နေဖို့ လိုပါတယ်ဆိုတာ ပြည်သူလူထုကို အသိပေးမယ်။ ဒီလို ကာကွယ်ရေးနည်းလမ်းတွေကို လူတိုင်း၊ မိသားစုတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းမရှိရင် အလွန်တစ်ရာ ထိန်းချုပ်ရန် ခက်ခဲတဲ့ အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွေ ထပ်ကာထပ်ကာ ကြုံရလိမ့်မယ်။ အဲဒီလို ထပ်ကာထပ်ကာ ကြုံရမယ်ဆိုရင် မိသားစုဘဝတွေ ထိခိုက်မယ်။ တစ်ဖက်မှာလည်း လူမှုရေးတွေ ထိခိုက်မယ်။ စီးပွားရေးတွေထိခိုက်မယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလည်း ထိခိုက်တော့မှာပါ။ ဒီဟာကို လူတိုင်း၊ မိသားစုတိုင်း ပါဝင်ဖို့လိုတယ်ဆိုတာကို တစ်ဦးကိုတစ်ဦး အသိပေးဖို့ သတိပေးဖို့ လိုအပ်ပါတယ်။

**မေး။** ။ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ကျန်းမာရေးအသိနဲ့ လိုက်နာရမယ့် အချက်တွေ အချင်းချင်း အသိပေးမယ်ဆိုရင် ဆင့်ကဲဆင့်ကဲ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရရှိနိုင်ပါသလဲ။

**ဖြေ။** ။ ဌာနအဖွဲ့အစည်း အကြီးအကဲဆိုရင် အိမ်မှာ မိသားစုဝင်တွေရှိမယ်။ ဌာနမှာဆိုရင် အဆင့်ဆင့်ဝန်ထမ်းတွေရှိမယ်။ အကြီးအကဲက သူရဲ့ မိသားစုဝင်တွေ၊ ဝန်ထမ်းတွေကို ပြောလိုက်မယ်ဆိုရင် ဒီဝန်ထမ်းတွေထဲမှာလည်း လူပျို၊ အပျို ဝန်ထမ်းလည်းရှိမှာပဲ။ အိမ်ထောင်သည် ဝန်ထမ်းလည်းရှိမှာပဲ။ သူတို့ကနေ လက်ဆင့်ကမ်းလိုက်မယ်ဆိုရင် သူတို့ရဲ့ မိဘတွေ၊ သား၊ သမီး၊ တူ၊ တူမတွေ၊ မိသားစုဝင်တွေဆီရောက်သွားမယ်။ သူတို့ကနေထပ်ပြီး လက်ဆင့်ကမ်းမယ်ဆိုရင် သူငယ်ချင်း၊ အပေါင်းအသင်း၊ မိတ်ဆွေတွေဆီ ရောက်သွားမယ်။ သူတို့ကနေ ဒီရှစ်ချက်ကို ဖြန့်ဝေသွားမယ်။ ဒီလို ဖြန့်ဝေသွားမယ်ဆိုရင် ဆင့်ကဲဖြစ်စဉ်ကြီးပေါ်လာမယ်။ အကယ်၍သာ ဆွေမျိုးတွေက အသင်းအဖွဲ့တစ်ခုမှာ အဖွဲ့ဝင်ဖြစ်နေမယ်ဆိုရင် ကျန်တဲ့အဖွဲ့ဝင်တွေကိုလည်း ဆက်ပြောနိုင်မယ်ဆိုရင် ဆင့်ကဲဖြစ်စဉ်က ပြည်သူလူထုကြားထဲမှာ ဆက်တိုက်ဆက်တိုက် စိမ့်ဝင်သွားပြီး အမူအကျင့်ပြောင်းလဲလာမယ့် ဖြစ်စဉ်ကြီး ပေါ်ထွန်းလာမယ်လို့ ယူဆပါတယ်။

**မေး။** ။ အရင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဖို့ ကျန်းမာရေးဆိုင်ရာ လူထုလှုပ်ရှားမှုတွေ၊ Stop Covid-19 အဝါရောင် ကမ်ပိန်းတွေ ဆောင်ရွက်ခဲ့တာ ထိရောက်မှုရှိလားဆိုတာ သိချင်ပါတယ်။

**ဖြေ။** ။ ကိုဗစ်-၁၉ လူနာတွေ ထောင်နဲ့ချီ တွေ့နေတဲ့ အချိန်မှာပဲ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို အရှိန်မြှင့်ဆောင်ရွက်ဖို့ လိုတယ်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ညွှန်ကြားပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ပြည်သူ့ကျန်းမာရေးအမြင်ရှုထောင့်အရ ဒီဟာကို ပြည်သူလူထုအတွင်းမှာ ထိန်းချုပ်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုပါမှ ထိန်းချုပ်လို့ရမယ်ဆိုတာကို သိပါတယ်။ သိတဲ့အတွက်ကြောင့် ပြည်သူလူထုတစ်ရပ်လုံးပါလာအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုကို နာခံပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုနဲ့ လူထုလှုပ်ရှားမှု နှာခေါင်းစည်း၊ မျက်နှာအကာ တပ်ဆင်ရေးကမ်ပိန်း ဆောင်ရွက်ပါတယ်။ နောက်ပြီး Stop Covid-19 Yellow ကမ်ပိန်းမှာလည်း အဝတ်အစားတွေကအစ အဝါရောင်တီရှပ်တွေရိုက်တယ်။ အင်္ကျီပေါ်မှာလည်း Mask တပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါ။ တစ်ဦးကိုတစ်ဦး အသိပေးပါ၊ သတိပေးပါဆိုတဲ့ ပြည်သူလူထုကိုပေးချင်တဲ့ အဓိကအချက်ကို ရိုက်နှိပ်တယ်။ ပြီးတော့ မြေစိုက် ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေလုပ်ပြီး နေရာအနှံ့မှာ ပြည်သူလူထုကို အသိပေးတယ်။

စာမျက်နှာ ၁၅ သို့ ❍

COVID 19 ရောဂါ ကာကွယ်ဖို့
MASK ကို လုံခြုံစွာ အမြဲတပ်ပါ။

ကာတွန်း မိုးထက်မိုး

ကျားဝါ ပေ့ပေ့














# ရှေ့နေနှင့် မြက်ခင်းလဲ့လဲ့

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် မြတ်ခင်းလဲ့လဲ့....ပါတဲ့"

"ဟာ- နုလှချေလား ဆရာရဲ့"

"အေးဗျာ-ရင်ထဲအေးသွားတယ်။ မြက်ခင်းစိမ်းလေးတွေက ရင်ကိုလာထိတာကိုးဗျ"

"တယ်ဆိုတဲ့စာပါလား ဆရာ"

"အမျိုးသားစာပေဆုရှင်၊ စာရေးဆရာ မောင်ရင့်မာ (ကျောင်းကုန်း) ရေးသားပြုစုတဲ့ မြက်ခင်းလဲ့လဲ့ မြေညီညီ အက်ဆေးစုစည်းမှုကို ဖတ်ရှုခံစားမိလို့ပါဗျာ"

"ဘယ်လိုခံစားရသလဲ မျှဝေပါဦးဆရာ"

"အေးဗျာ၊ ဖတ်ကြည့်ကြစို့"

**အက်ဆေး**

အက်ဆေး Essay နှင့် ကျွန်တော်ငယ်စဉ်ကပင် ခင်မင်ခဲ့သည်။ စာဖတ်တတ်စအရွယ်မှာ အက်ဆေးနှင့် ကျွန်တော်တွေ့သည်။ ခင်သည်။ ချစ်သည်။ ပေါ့သည်။ ပါးသည်။ မရှုပ်ထွေး။ လင်းသည်။ လက်သည်။ မခက်ခဲ၊ ရင်ထဲစွဲသည်။ ရေးချင်သောစာ၊ တွေးချင်သောစာ၊ ပြောချင်သောစာ၊ ဟောချင်သောစာ၊ တမ်းချင်သောစာ၊ လွမ်းချင်သောစာ။ ဘာပဲဖြစ်ဖြစ် ကျစ်ကျစ်လျစ်လျစ်၊ ချစ်ချစ်ခင်ခင်၊ ထင်ထင်ရှားရှား၊ အားရပါးရ ရေးချနိုင်ရင် အက်ဆေးဖြစ်ပြီ။ ဤသို့ ကျွန်တော်ယုံသည်။

**ရှည်လျားထွေပြား**

ရှည်လျားသောစာ၊ ထွေပြားသောစာ၊ နိဂုံးမချုပ်နိုင်သော အစီရင်ခံစာ၊ ပြဿနာများတင်ပြသောစာ၊ ဒေါသလွှမ်းသော ရုံးတွင်းစာ၊ သေဒဏ်ပေးသောစီရင်ချက်၊ ဒီတစ်သက်မှာ မကြုံပါရစေနှင့်။ ဤသို့ ကျွန်တော်ဆုတောင်းခဲ့သည်။ ထို့ကြောင့် အက်ဆေးကို ကျွန်တော်ကြိုက်သည်။ စွဲသည်။ မခွဲနိုင်....။

**တရားသူကြီး**

တရားသူကြီးဖြစ်သော ကိုရင့်မာကို ကျွန်တော်စတွေ့စဉ်က သိက္ခာကြီးလွန်းသူဟု မှတ်သားမိသည်။ ဒါကလည်း သဘာဝကျသည်။ သူက တရားသူကြီးပေကိုး....။ သို့သော်ငြား စာရေးဆရာ၊ အက်ဆေးရေးသူတစ်ဦးအဖြစ်ပါ။ စာပေဆုနှင်းသဘင်မှာ သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ကျွန်တော် ကြည်နူးသွားသည်။ သိက္ခာကြီးသော သူ့တာဝန်ကို ကျွန်တော်မမြင်။ နွေနှောင်းကိုသာ မြင်သည်။ လရောင်ကိုသာမြင်သည်။ လေညင်းကိုသာ တွေ့သည်။ မိုးကောင်းကင်ကိုသာ ရှာသည်။ သူ့မျက်ရည်ကိုလည်း တွေ့သေးသည်။ ကျေးငှက်သံသာတွေကိုလည်း သူ့ထံကကြားနေရသည်။ ယခုတော့ မြက်ခင်းလဲ့လဲ့နှင့်ပါ စိမ်းစိမ်းမြမြ သူ့ကိုမြင်ရပြန်ပြီ....။ သြော်-ကိုရင့်မာက အက်ဆေးသမားပေကိုး......။

**မြက်ခင်းလဲ့လဲ့ မြေညီညီ**

အက်ဆေးဆရာ မောင်ရင့်မာ (ကျောင်းကုန်း) ရေးသားပြုစုသော စာအုပ်အမည်အပြည့်အစုံမှာ မြက်ခင်းလဲ့လဲ့ မြေညီညီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ဝန်ချတောင်စာပေက ပထမအကြိမ်ထုတ်ဝေသည်။

**မာတိကာ**

အက်ဆေး ၁၈ ပုဒ်ပါဝင်သည်-

မြက်ခင်းလဲ့လဲ့ မြေညီညီ၊ ရွှေကိုကွယ်မဆိုထားနဲ့ ငွေကိုကွယ်မဆိုထားနဲ့၊ ဂီရှူကုန့်တောင် ပေါ်ကလရောင်၊ ဖွင့်မကြည့်ရသေးတဲ့ စာအိတ်ကလေးတွေ၊ သဉ္ဇာမြတ်တို့အမေ၊ တောင်အရပ်မည်သော၊ မိုးရွာထဲလမ်းလျှောက်ခြင်း၊ စောင်းရွဲ့နေသော ပန်းချီကားတစ်ချပ်၊ အနာမစင်သော ပန်းပွင့်များ၊ မြွေဟောက်များနှင့် အိပ်စက်ခြင်း၊ နှင်းမပွဲမီ၊ ချစ်ခဲ့ရသော ညတစ်ည၊ အင်းဝမျက်ရည်လော ဟံသာဝတီမျက်ရည်လော၊ အိုးစားဘက်ကို လိုက်၍ရှာသည်၊ အကုသိုလ်အမှုမပြုဖူးသောသူကပထမဆုံးကျောက်တုံးကို ပစ်ပါစေ၊ နိုင်သူ့မျက်နှာ၊ သတိရခြင်း ခံစားခြင်း၊ သစ်ပင်စိုက်သော ယောကျ်ားများ စသည်တို့ ဖြစ်သည်။

ကျွန်တော်အကြိုက်ဆုံး အက်ဆေးများကို ရွေးထုတ်တင်ပြပါရစေ။

**(၁) မြက်ခင်းလဲ့လဲ့ မြေညီညီ**

"အေးရိပ်သာတဲ့ ပြည်သြောင်ညို၊ ဥဩတွန်သံချို၊ ဒိုးယိုစီးတဲ့ နဒီတွင်း၊ သမင်ရေသောက်ဆင်း၊ မြက်ခင်းလဲ့လဲ့ မြေညီညီ၊ ကံ့ကော်ဝတ်မှုန်စီ၊ ဇာလီပျော်တဲ့ ကျောင်းသခ်န်း၊ လူလေး သွားချင်စမ်း" ကျောင်းသခ်န်းကလေး၌

**ဟိမဝန္တာသို့ သစ်သီးရှာသွားသော မဒ္ဒီဒေဝီသည် သစ်၊ ဆင်၊ ကျားရဲတို့ ဆီးတားသည့်ကြားမှ သမီးနှင့်သား မျှော်နေရှာရော့မည်ဟု တွေးတောပူပန်၍ ခပ်သုတ်သုတ်ပြန်လာသည်။ သို့သော် ကြမ်းတမ်းရက်စက်သော ဇူဇကာပုဏ္ဏားကြီးက ကဏှာ၊ ဇာလီတို့ကို ရိုက်ပုတ်ခေါ်ဆောင်သွားခဲ့ပြီ။ မည်မျှလွမ်းစရာကောင်း . . .**

ကံ့ကော်ဝတ်မှုန်၊ ထုံထုံဝါဝါကလေးတွေ လေပြည်ထဲလွင့်ဝဲနေသည်။ ဟိမဝန္တာသို့ သစ်သီးရှာသွားသော မဒ္ဒီဒေဝီသည် သစ်၊ ဆင်၊ ကျားရဲတို့ ဆီးတားသည့်ကြားမှ သမီးနှင့်သား မျှော်နေရှာရော့မည်ဟု တွေးတောပူပန်၍ ခပ်သုတ်သုတ် ပြန်လာသည်။ သို့သော် ကြမ်းတမ်းရက်စက်သော ဇူဇကာပုဏ္ဏားကြီးက ကဏှာ၊ ဇာလီတို့ကို ရိုက်ပုတ်ခေါ်ဆောင်သွားခဲ့ပြီ။ ကျောင်းသခ်န်း၌ ကဏှာ၊ ဇာလီတို့ မရှိတော့ပြီ။ ဆရာမ၏ ပုံဝတ္ထုလေးက မည်မျှလွမ်းစရာကောင်းလိုက်ပါသနည်း။ (စာ-၄)

ဤစာစုကိုဖတ်ပြီး "မစာနာတတ်သူတို့သည် အတ္တကြီးတတ်၊ ဖျက်ဆီးတတ်သည်။ ဘယ်သူသေသေ ငတေမာပြီးရော လုပ်တတ်သည်။ အခြားသူတစ်ပါးတို့၏ မျက်ရည်အိုင်၌ ကူးခတ်ပျော်မွေ့နိုင်သည်" ဟု ကျွန်တော် စာနာမှုတရားပွားများမိပါသည်။

**(၂) ဂီရှူကုန့်တောင်ပေါ်က လရောင်**

စင်စစ် ကျွန်တော်တို့သည် လောဘ၊ ဒေါသ၊ မာန်မာနတို့ ပြွမ်းသော လူ၏ဘဝ၊ လူ၏ ဝန်းကျင်၌ အလိုက်သင့် ရှင်သန်ရုန်းကန်ရင်း တရှိန်းရှိန်းလောင်မြိုက်နေသော မီးဖိုကြီးနှင့် နေသားတကျ ရှိနေခဲ့ဟန်တူပါသည်။ ပူလောင်ခြင်းကို မေ့လျော့နေခဲ့ဟန်တူပါသည်။ ကျောင်းရိပ်ကန်ရိပ်သို့ အမှတ်မထင် ရောက်သွားသောအခါတွင်မှ ကမ္ဘာလောကကို အေးချမ်းငြိမ်သက်စေသည့်နေရာလည်း ရှိပါကလားဟု လွမ်းလွမ်းဆွတ်ဆွတ် တွေးလိုက်မိခြင်း ဖြစ်ဟန်တူပါသည်။ သို့ရာတွင် သည်အတွေးက ဖျတ်ခနဲ လျှပ်ပြက်လိုက်သည့်ပမာ ခဏတာပဲ ဖြစ်ပါသည်။ ကျွန်တော်တို့သည် ငြိမ်သက်အေးချမ်းမှုကို အူထဲအသည်းထဲက မတပ်မက်သောကြောင့်သာပဲ ရဟန်းဘဝကို မရွေးချယ်နိုင်ခဲ့ခြင်း ဖြစ်တန်ရာပါသည်။ (စာ-၂၄)

ဤစာစုကိုဖတ်ပြီး ကျောင်းရိပ်၊ ကန်ရိပ်နှင့် ဝေးသော ကျွန်တော့်ကိုယ်ကျွန်တော် ကြေကွဲမိပါသည်။

**(၃) ဖွင့်မကြည့်ရသေးတဲ့ စာအိတ်ကလေးတွေ**

ကျွန်တော်တို့က သေခြင်းတရားထံမှ နို့တစ်စာမရရှိသေးဟု ထင်မြင်နေဆဲမှာပဲ ကျွန်တော်တို့၏ နေအိမ်တံစက်မြိတ်သို့ စာအိတ်ကလေးတွေ ပျံဝဲလာနေဆဲဖြစ်နိုင်သည်။ အိမ်တံခါးသို့ ရောက်ရှိနေပြီလည်း ဖြစ်နိုင်သည်။ ကျွန်တော်တို့က မတွေ့သေးခြင်း၊ သို့မဟုတ် ပိတ်ထားသော စာအိတ်ကို ဖွင့်လှပ်၍ ဖတ်မကြည့်ရသေးခြင်းလည်း ဖြစ်နိုင်ပါသည်။

စင်စစ် ကျွန်တော်တို့အားလုံးသည် စတင်မွေးဖွားလာကတည်းက သေဒဏ်ချမှတ်ခြင်း ခံထားရသူချည်းသာ ဖြစ်သည်မှာ ယုံမှားဖွယ်မရှိပါ။ တစ်နေ့သောအခါ မည်သူ၏ပယောဂ တစ်စုံတစ်ရာမျှ မရှိစေကာမူ အကြောင်းတစ်ခုမဟုတ်တစ်ခုဖြင့် သေရမည့်သူချည်းသာ ဖြစ်ပါသည်။ မည်သူမျှ 'မသေခွင့်' မရှိပါချေ။ မည်သူမျှ 'ရှင်သန်ကျန်ရစ်ခွင့်' မရှိပါချေ။ (စာ-၃၉)

ဤစာစုတွင် သေခြင်းတရားအတွက် ရှင်းရှင်းလင်းလင်း မြင်ရပြီမို့ ကျွန်တော် ဘာမှမပြောချင်တော့ပါ။ ပြီးပါပြီ။ နားလည်ပါပြီ။

**(၄) သဉ္ဇာမြတ်တို့အမေ**

စာဖတ်တာ ပိုက်ဆံရသလား၊ စာဖတ်လို့ ထမင်းဝမှာလား၊ စာဖတ်လို့ဘာအကျိုးရှိလဲဆိုသည့် မေးခွန်းတွေကို ကျွန်တော်တို့ စာဖတ်သမားဘဝတစ်လျှောက်လုံး ဖြေဆိုခဲ့ကြပါသည်။ တော်တော်စဉ်းစားခဲ့ရပါသည်။ တော်တော်လည်း လက်ဝင်ပါသည်။ ဖရန်စစ်ဘေကွန်၏ (Of Studies) တို့၊ ဂျွန်ရပ်စကင်းနှင့် တရုတ်ပညာရှိ ကျန်းကျောက်၏ ဟောပြောချက်တို့ ဘာတို့ကိုလည်း ကိုးကားပြောခဲ့ရပါသည်။ ပြည့်စုံလှသည်မထင်မိပါ။

"အကျိုးရှိတာပေါ့ဆရာရဲ့။ ကျွန်မသမီးတရားသူကြီး ဖြစ်သွားတယ်လေ" ကျွန်တော်လည်း ပါးစပ်ပြဲသွားပါသည်။

ဒေါ်ပြုံး ဖြေသလိုတော့ဖြင့် တိုတိုနှင့်လိုရင်း မြန်ဆန်ထိရောက်သည် မဟုတ်ပါ။

မဆုတ်မနစ်သော ဇွဲသတ္တိဖြင့် ပညာသင်ကြားပေးခဲ့ပြီး ယခုအခါ မဟာဥပဒေဘွဲ့ရရှိပြီးသော တရားရေးအရာရှိမကလေး၏ မိခင်ကြီးအဖြစ် တင့်တယ်လျက်ရှိသည့် ဒေါ်ပြုံးကို ကျွန်တော်သည် တအံ့တဩဖြင့် ငေးမော




၍သာ ကြည့်နေမိပါသည်။ စာဖတ်ခြင်းသည် အကောင်းစားရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း သူကပြောပြခဲ့ခြင်းဖြစ်ပါသည်။ (စာ-၅၀)

ဤစာစုတွင် ဒေါ်ပြုံး၏ အဖြေကို ကျွန်တော် သဘောအကျဆုံး ဖြစ်ပါတော့သည်။

**(၅) အနာမစင်သော ပန်းပွင့်များ**

ကမ္ဘာလောကကို အမှားအယွင်း စိုးစဉ်းမျှမပါဘဲ တည်ဆောက်ထားသည် ဟူ၍တော့ဖြင့် ကျွန်တော် မထင်ပါ။

ဤမြေကမ္ဘာ၌ အနာမစင်သော ပန်းများလည်း ပွင့်တတ်သည်ပဲဖြစ်ပါသည်။ သို့ဖြစ်၍ စာနာမှု၊ နားလည်မှု၊ သည်းခံခွင့်လွှတ်မှု၊ မေတ္တာ၊ ကရုဏာ စသည်တို့ရှိနေရခြင်းဖြစ်ပါသည်။ ခြင်ကိုသတ်ဖို့ရာ ပုဆိန်တစ်လက်မလိုပါ။ မေတ္တာ၊ ကရုဏာဆိုသည်မှာ လောက၏ ဝင်းပသော အဆင်တန်ဆာများ ဖြစ်ပါသည်။ သူ့အတိုင်းလှနေတတ်ပါသည်။ ကျွန်တော်တို့၏ အမှတ်မထင်အပြစ်တင်စကားတွေနှင့် အလှမပျက်စေသင့်၊ အကျည်းတန်အောင် မလုပ်သင့်ဟု ထင်ပါသည်။ (စာ-၈၉)

ဤစာစုတွင် "ခြင်ကိုသတ်ဖို့ရာ ပုဆိန်တစ်လက်မလိုပါ" ဟူသောကောက်ချက်ကို ကျွန်တော် မမေ့နိုင်ပါ။

**(၆) ချစ်ခဲ့ရသော ညတစ်ည**

ကျွန်တော်တို့၏ဘဝမှာ ရင်ခုန်စရာကလေးတွေ ရှိတတ်ပါသည်။ အမှတ်ရစရာကလေးတွေ ရှိတတ်ပါသည်။ လွမ်းစရာကလေးတွေ ရှိတတ်ပါသည်။ သို့သော် မလိုင်မှာ ကြုံခဲ့ရသည့် လွမ်းစရာညမျိုးကိုမူ ဘဝမှာ နောက်တစ်ခါ ပြန်ရဖို့ မလွယ်လှဟု ထင်မိပါသည်။ လွမ်းစရာဆိုတာ ချစ်နှစ်သက်ခြင်းမှ စီးဆင်းလာသည့် ခံစားမှုတစ်မျိုးဖြစ်ပါသည်။ ချစ်မှ လွမ်းလို့ရသည်၊ မချစ်ဘဲ လွမ်းလို့မရ။ မချစ်မနှစ်သက်သောအရာ၊ မချစ်မနှစ်သက်သောသူတို့ကို လွမ်းလို့ရသည် မဟုတ်ပါ။ (စာ-၁၁၈)

ဤစာစုကိုဖတ်ပြီး အချစ်နှင့်အလွမ်းကို ကျွန်တော် နားလည်ခံစားမိပါသည်။

**ခံစားစရာ**

ကျွန်တော်အကြိုက်ဆုံး အက်ဆေးစာစုများကို ကောက်နုတ်တင်ပြခြင်းသာ ဖြစ်ပါသည်။ ကျန်စာစု ခံစားစရာများကိုတော့ စာရှုသူတို့ ဆက်လက်ရှာဖွေခံစားနိုင်ပါသည်။

**နိဂုံး**

(၁) အက်ဆေးသမား မောင်ရင့်မာ (ကျောင်းကုန်း) သည် ချစ်တတ်၊ လွမ်းတတ်၊ ဖွဲ့နွဲ့တတ်သူ ပီသလှပါပေသည်။

(၂) သူ့အက်ဆေးများကို ကြေးမုံစာချစ်သူများနှင့်အတူ ကျွန်တော် ခံစားကြိုဆိုလိုက်ပါသည်။

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၆၅၁၄၂၇၅ | ၁၆၂၀၄၉၉၁ | ၄၄၇၄၉၀ |
| ၂။ | အိန္ဒိယ | ၁၀၇၄၀၃၀၉ | ၁၀၄၁၅၀၈၀ | ၁၅၄၂၀၂ |
| ၃။ | ဘရာဇီး | ၉၁၁၉၄၇၇ | ၇၉၆၀၆၄၃ | ၂၂၂၇၇၅ |
| ၄။ | ရုရှား | ၃၈၃၂၀၈၀ | ၃၂၇၉၉၆၄ | ၇၂၆၉၇ |
| ၅။ | ဗြိတိန် | ၃၇၇၂၈၁၃ | ၁၆၇၃၉၃၆ | ၁၀၄၃၇၁ |
| ၆။ | ပြင်သစ် | ၃၁၅၃၄၈၇ | ၂၂၃၁၇၄ | ၇၅၆၂၀ |
| ၇။ | စပိန် | ၂၈၃၀၄၇၈ | စိစစ်ဆဲ | ၅၈၃၁၉ |
| ၈။ | အီတလီ | ၂၅၂၉၀၇၀ | ၁၉၇၃၃၈၈ | ၈၇၈၅၈ |
| ၉။ | တူရကီ | ၂၄၆၄၀၃၀ | ၂၃၄၈၃၀၉ | ၂၅၇၃၆ |
| ၁၀။ | ဂျာမနီ | ၂၂၀၇၃၉၃ | ၁၉၁၁၈၀၀ | ၅၇၀၅၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၀၆၆၃၁၃ | ၈၆၂၅၀၂ | ၂၉၇၂၈ |
| ၂။ | ဖိလစ်ပိုင် | ၅၂၃၅၁၆ | ၄၇၅၉၀၄ | ၁၀၆၆၉ |
| ၃။ | မလေးရှား | ၂၀၉၆၆၁ | ၁၆၁၅၂၇ | ၇၄၆ |
| ၄။ | မြန်မာ | ၁၃၉၈၆၄ | ၁၂၄၄၄၁ | ၃၁၂၅ |
| ၅။ | စင်ကာပူ | ၅၉၅၀၇ | ၅၉၁၈၁ | ၂၉ |
| ၆။ | ထိုင်း | ၁၇၉၅၃ | ၁၁၅၀၅ | ၇၇ |
| ၇။ | ဗီယက်နမ် | ၁၇၆၇ | ၁၄၅၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၆၄ | ၄၄၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၀ | ၁၇၀ | ၃ |
| ၁၀။ | လာအို | ၄၄ | ၄၁ | ၀ |




# အမျိုးသားစာပေဆုရှင် သတင်းစာဆရာ (ဦး) ရဲတင့်

**မောင်ဖေလှိုင်**

"ကိုရဲတင့်ရေ-သတင်းစာအလုပ်ကို တကယ်ဝါသနာပါရင်တော့ ရန်ကုန်ဆင်းလာခဲ့ပေတော့။ သတင်းစာအလုပ်က ဘွဲ့ရမှမဟုတ်ပါဘူး။" စသည့် ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်ဖြစ်သူ ဆရာသိန်းဖေမြင့်ထံမှ စာတိုကလေးကို ရလိုက်သည်နှင့် မိတ္ထီလာမှသည် ရန်ကုန်မြို့သို့ ပြေးဆင်းလာကာ သတင်းသမားဘဝ၌ ခြေစုံပစ်ဝင်လိုက်သူမှာ ဦးရဲတင့်ပင်ဖြစ်ပါ၏။






မိတ္ထီလာ အထက (၁) မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော (မောင်) ရဲတင့်သည် ထိုစဉ်က မန္တလေးတက္ကသိုလ် တက်ရောက်နေစဉ်ကာလဖြစ်ပါ၏။ ဘွဲ့ရသည်အထိ ဆက်မတက်တော့ဘဲ ဒုတိယနှစ်မှာပင် ပညာရေးကိုစွန့်ကာ ၁၉၆၃ ခုနှစ်၌ ပုဂ္ဂလိကသတင်းစာဖြစ်သော ဗိုလ်တထောင်သတင်းစာ၌ အလုပ်သင်အဖြစ် စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပါတော့သည်။

သတင်းစာအလုပ်ကို ရူးသွပ်သော၊ ဝါသနာကြီးလှသော ကိုရဲတင့်သည် ဆရာသိန်းဖေမြင့်၏ လက်ခံနေရာပေးမှုဖြင့် ဗိုလ်တထောင်သတင်းစာ ပုံနှိပ်စက်ခန်း၊ သတင်းစာစက္ကူလိပ်ပုံများကြား၌ ညအိပ်ခဲ့ကာ သတင်းစာအလုပ်ကို အောက်ခြေက စတင်ခြေလှမ်းခဲ့ပါတော့သည်။

၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဗိုလ်တထောင်သတင်းစာကို ပြည်သူပိုင်ပြုလုပ်လိုက်သောအခါ သူသည် အယ်ဒီတာတစ်ဦးဖြစ်လာခဲ့ပါ၏။ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာစားပွဲတွင် နယ်သတင်းတည်းဖြတ်၊ နိုင်ငံတကာသတင်း ဘာသာပြန်ဆိုခြင်း၊ ခေါင်းကြီး (အယ်ဒီတာ့အာဘော်) ရေးသားခြင်း၊ ညဖောင်တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခြင်း စသည်တို့ကို ၁၉၆၄ ခုနှစ်မှသည် ၁၉၈၀ ပြည့်နှစ်အထိ လုပ်ကိုင်ခွင့်ရခဲ့ခြင်းက သတင်းစာလုပ်ငန်း (သို့မဟုတ်) အယ်ဒီတာများလုပ်ကိုင်ကြရသည့် အတတ်ပညာများကို စွယ်စုံတတ်ကျွမ်းစေခဲ့ပါတော့သည်။

အယ်ဒီတာအလုပ်ကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခဲ့သော ဦးရဲတင့်အား ၁၉၈၀ ပြည့်နှစ်၌ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း) ၏ အယ်ဒီတာချုပ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်ခဲ့ရာ ၁၉၈၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ရပါ၏။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တာဝန်ယူပြီးနောက် ကြေးမုံသတင်းစာကို လေးနှစ်ကြာမျှ ရပ်နားထားခဲ့ပါ၏။ ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်၌ ကြေးမုံသတင်းစာ ပြန်လည်ထုတ်ဝေသောအခါ ဦးရဲတင့်သည် ကြေးမုံသတင်းစာ စာတည်းမှူးချုပ်အဖြစ် သာမက ဝန်ထမ်းသက်သာချောင်ချိရေးအတွက်ထုတ်ဝေခဲ့ရသော "နိုင်ငံတကာသတင်းဂျာနယ်" ကိုလည်း စာတည်းမှူးချုပ်အဖြစ် တွဲဖက်ကာ ဦးစီးထုတ်ဝေနိုင်ခဲ့ပါတော့သည်။

မိမိနှင့် ဦးမြင့်ဆွေ (မြင့်ဆွေမြင့်) (နောင်စာတည်းမှူးချုပ်-ငြိမ်း၊ ကြေးမုံ) တို့နှစ်ဦးသည် ထိုစဉ်က ဦးရဲတင့်၏ လက်အောက်ဖောင်ကိုင်စာတည်းများအဖြစ် လုပ်ကိုင်ခွင့်ရခဲ့ကြပါသည်။

ထိုစဉ်က တပ်မတော်အစိုးရတာဝန်ရှိပုဂ္ဂိုလ်က ကြေးမုံသတင်းစာကို ယခင်ကာလအတိုင်း စာဖတ်ပရိသတ်နှစ်ခြိုက်သည့်အပြင်အဆင်ပုံစံ၊ သတင်းစာကို လွတ်လပ်စွာရေးသားဖော်ပြခွင့်ပြုခဲ့ရာ မိမိနှင့် ဦးမြင့်ဆွေတို့သည် နေ့ပိုင်း၌ သတင်းဆောင်းပါး၊ အင်တာဗျူးဆောင်းပါးများ ကွင်းဆင်းရေးသားကြရပြီး ညပိုင်းတွင် ဖောင်ကိုင်စာတည်း (အယ်ဒီတာ) တာဝန်ကိုပါ ယူခဲ့ကြရပါ၏။

ထို့ပြင်သတင်းထောက်မှူး ဦးသွင်အေး၊ ဓာတ်ပုံဆရာ ဦးသိန်းဝင်းကြီး စသူတို့ကပါ သတင်းဓာတ်ပုံကောင်းရရှိရန် ကွင်းဆင်းရိုက်ကူးကြရသည်သာမက ကြေးမုံအရန်အင်အားအဖြစ် ကော်လံစား (မြို့နယ်သတင်းထောက်) များကိုပါစုစည်းကာ သတင်းစာကောင်းမွန်ရေး ဝိုင်းဝန်းလုပ်ကိုင်ခဲ့ကြရသည်မှာ သတင်းစာခေတ်သမိုင်း၏ ထူးခြားသောကာလတစ်ခုလည်း ဖြစ်ခဲ့ရပါသည်။

မိမိနှင့် စာတည်းဦးမြင့်ဆွေတို့ နှစ်ဦး ဆရာဦးရဲတင့်၏ ကွပ်ကဲစီမံမှုအဝဝ၊ သတင်းစာအတတ်ပညာ အဖုံဖုံ၊ သတင်းစာသမားတိုင်း တတ်သိအပ်သော အတွေးအမြင် စသည်တို့ကို သတင်းစာမွမ်းမံသင်တန်း တက်ရောက်ကြရသည့်နှယ် သင်ယူလေ့လာခံယူခွင့်ရခဲ့ကြသည်မှာ မည်သည့်အရာနှင့်မျှ မလဲနိုင်သော မဟာအခွင့်အရေးကြီးပင်ဖြစ်ခဲ့ပါတော့သည်။

ဆရာဦးရဲတင့်သည် ကြေးမုံသတင်းစာကို ပွဲကိုင်ဦးစီးနိုင်သည်သာမက တစ်ဖက်ကလည်း "နိုင်ငံတကာသတင်းဂျာနယ်" ကိုပါ အပတ်စဉ်ထုတ်ဝေနိုင်ရန်အတွက် ဆောင်ရွက်နိုင်ခဲ့ပေရာ ကြေးမုံသတင်းစာစောင်ရေ တိုးလာသကဲ့သို့ နိုင်ငံတကာသတင်းဂျာနယ်သည်လည်း စာဖတ်ပရိသတ်အကြား ရေပန်းစားလာခဲ့ပါတော့သည်။

ဤကဲ့သို့ ကြေးမုံသတင်းစာ၊ နိုင်ငံတကာသတင်းဂျာနယ်ကို ဦးစီးပွဲကိုင်နိုင်သော ဦးရဲတင့်အား "အားကစားဂျာနယ်" ကိုပါ အပတ်စဉ်ထုတ်ဝေရန် တာဝန်ပေးအပ်ခဲ့၍ အားကစားရေးရာကျွမ်းကျင်သူ ဦးမြင့်ဆွေက တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူခဲ့ရပါ၏။

ယင်းကဲ့သို့ ကြေးမုံသတင်းစာကို တပ်မတော်အစိုးရက အသွင်သစ်၊ ပုံစံသစ်အဖြစ်ထုတ်ဝေရန် ကြံရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် သတင်းလွတ်လပ်ခွင့်၊ နိုင်ငံရေးအနေအထားများအရ စိစစ်ထုတ်ဝေရသော "အယ်ဒီတာချုပ်အစည်းအဝေး" ၏ ဆုံးဖြတ်ချက်အတိုင်းသာ သတင်းဆောင်းပါး ဓာတ်ပုံများ ကန့်သတ်ခံခဲ့ရကာ ပုံစံကျသတင်းစာအဖြစ်သာ ရှိခဲ့ရပါတော့သည်။

မည်သို့ပင်ဆိုစေကာမူ စာတည်းမှူးချုပ် ဦးရဲတင့်သည် ၎င်းတာဝန်ယူစဉ်ကာလအတွင်း သတင်းစာ၊ ဂျာနယ်များကို တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝဖြင့် သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကိုမူ မိမိတို့ကြေးမုံသတင်းစာတိုက်ဝန်ထမ်းအားလုံးက သိမြင်ခံယူလေးစားသမှုရှိခဲ့ကြရပါသည်။

ဤသည်မှာ ပုဂ္ဂိုလ်ရေးချီးပသော အနေအထားပုံစံမဟုတ်ရဘဲ သတင်းစာဆရာတစ်ဦးအနေဖြင့် အောက်ခြေဝန်ထမ်းအဆင့်ဆင့် (အယ်ဒီတာ၊ စာပြင်၊ စီမံ၊ ဖြန့်ချိရေး၊ ပုံနှိပ်စက်၊ လုံခြုံရေး) အဆုံး ခံစားအသိအမှတ်ပြုခဲ့ကြခြင်းပင် ဖြစ်ပါသည်။

မိမိနှင့် ဦးမြင့်ဆွေတို့ နှစ်ဦးသည် ဆရာ့၏လက်အောက်၌ သတင်းခေါင်းတပ်ခြင်း ၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းဓာတ်ပုံ အထားအသို၊ အယ်ဒီတာ့အာဘော်ရေးသားခြင်းစသည်တို့ကို အနီးကပ်မြင်တွေ့၊ သိမှတ်၊ ကျင့်သုံးနိုင်ခဲ့ကြရာ နောင်သတင်းစာတိုက်၏ အကြီးဆုံးတာဝန်ကိုယူနိုင်ခဲ့ကြခြင်း၌ ဆရာဦးရဲတင့်၏ ကျေးဇူးတရားကား အဓိကနေရာတွင်ရှိခဲ့သည်ကိုဝန်ခံစကားဆိုလိုက်ရပါသည်။

ဆရာသည် ကြေးမုံသတင်းစာအယ်ဒီတာချုပ်တာဝန်မှ အငြိမ်းစားယူခဲ့ပြီးနောက်ပိုင်း၌လည်း အကြံပေးအရာရှိအဖြစ် ဂျာနယ်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ပေးသွားခဲ့ပါသည်။

ဆရာသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂသတင်းထောက်အသင်း၏ အာရှတိုက်အတွက် 'ဒက်ဟားမားရှိုး' ပညာသင်ဆုကို ချီးမြှင့်ခံခဲ့ရသူဖြစ်ပြီး ပြည်ပနိုင်ငံများသို့လည်း သတင်းစာဆရာတစ်ဦးအဖြစ် ဆွေးနွေးပွဲ၊ လေ့လာရေးခရီးများစွာ ရောက်ခဲ့ရပါ၏။

ဘာသာပြန်ကျွမ်းကျင်သူသတင်းစာဆရာ ဦးရဲတင့်သည် ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်ဆု) ကို "သွေးနှင့်ရေနံ" စာအုပ်ဖြင့် ရရှိခဲ့သူ စာရေးဆရာလည်းဖြစ်ပါ၏။

သုတစွယ်စုံဆု (ဘာသာပြန်ဆု) အဖြစ် ဆရာဘာသာပြန်ဆိုခဲ့သော ' ကုလသမဂ္ဂပေါ်မှအမြင်' စာအုပ်အတွက် ၂၀၁၀ ပြည့်နှစ်က ချီးမြှင့်ခံခဲ့ရပါ၏။

၂၀၀၀ ပြည့်နှစ်က နိုင်ငံတော်ကချီးမြှင့်သည့် စီမံထူးချွန် ( ဒုတိယဆင့်) ကိုရရှိခဲ့သောဆရာသည် ဦးသိန်းစိန်အစိုးရလက်ထက် နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ဝင်အဖြစ်ပါ တာဝန်ပေးအပ်ခြင်းခံခဲ့ရသူလည်း ဖြစ်ပါသည်။

